မြန်မာနိုင်ငံ
ကက်သလစ်
ဆရာတော်များ
အဖွဲ့ချုပ်
သတင်းဂျာနယ်

# the CBCM Herald


သင်တို့သည်
သမ္မာတရားကို သိ၍
ထိုသမ္မာတရားသည်
သင်တို့ကို
လွတ်လပ်စေလိမ့်မည်။
ယောဟန် ၈း၃၂


စက်တင်ဘာလ ၂၀၁၈ ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၃) အမှတ် (၈)

















အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့၌ ဩဂုတ်လ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်သည့် ကမ္ဘာ့မိသားစုများ တွေ့ဆုံခြင်း ညီလာခံတွင် ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ် ဖရန်စစ် တက်ရောက်ကာ လူထု ပရိတ်သတ်နှင့်အတူ မိသားစုတွေ့ဆုံပွဲ အပိတ်မဏ္ဍားပူဇော်ပေးခဲ့သည်

## အယ်ဒီတာ့ အာဘော်

### ပျော်ရွှင်သာယာ မိသားစုကမ္ဘာ

"ဘုရားသခင်၏ သတင်းကောင်းအား လူတိုင်းစီ ဖြန့်ဝေရေးအတွက် မိသားစုသည် အခွင့်သာသော နေရာဖြစ်သကဲ့သို့ အရေးပါသောနည်းနာတစ်ခုလည်း ဖြစ်သည်။" ဟု ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ် ဖရန်စစ်က ၂၀၁၈ ခု ဩဂုတ်လ ၆ ရက် ကမ္ဘာ့မိသားစုများပွဲတော်၏ ပိတ်ပွဲ မဏ္ဍားတွင် ပြောကြားခဲ့သည်။

ကက်သလစ်အသင်းတော်သည် မိသားစုများ၏ ဘဝသက်တာကို အထူးဂရုပြုစောင့်ရှောက်ရင်း လူသားထု၏ အနာဂတ်သည် မိသားစုများ ခိုင်မာတည်ငြိမ်ရေးအပေါ် မူတည်ကြောင်း အစဉ်တစိုက် သတိပေးနေသည်။ ထို့ကြောင့် သုံးနှစ်တစ်ကြိမ် ကမ္ဘာ့ မိသားစုများ တွေ့ဆုံပွဲကို ကြီးမှူး ကျင်းပပေးသည်။ ထို့အပြင် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင် မိသားစုများ၏ အသက်တာကို အထောက်အကူ ဖြစ်စေမည့် ဆရာတော်ကြီးများ၏ ညီလာခံကိုလည်း ကျင်းပပြုလုပ်ခဲ့သည်။ ထိုညီလာခံ၏ ရလဒ်အဖြစ် "ချစ်ခြင်းမေတ္တာ၏ ဝမ်းမြောက်ဖွယ်ရာ" ခေါင်းစဉ်ဖြင့် စာချွန်တော်တစ်စောင်ကို ၂၀၁၆ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်ပေးခဲ့သည်။

မိသားစုများ နေ့စဉ်နှင့်အမျှ ရင်ဆိုင်တွေ့ကြုံနေကြရသော စိန်ခေါ်မှုများကို အသိအမှတ်ပြုကာ အမိအသင်းတော် အနေဖြင့် မိသားစုတို့၏ နေ့စဉ်အသက်တာတွင် မည်ကဲ့သို့ ကူညီရမည်ကို နည်းပေးလမ်းပြပြုလုပ်ထားသလို၊ မိသားစုအတွင်းရှိ ချစ်ခြင်း မေတ္တာ၏ လှပမှု၊ စိတ်ကျေနပ်ခြင်း ပေးနိုင်မှုနှင့် ပျော်ရွှင်မှု တို့ကိုအသိပေးထားသည်။

"ဆင်းရဲခြင်းက တံခါးမကြီးက ဝင်လာတဲ့အခါ ချစ်ခြင်းမေတ္တာက ပြတင်းပေါက်ကနေ ထွက်သွားတယ်" ဆိုသည့် ဆိုစကားသည် မိသားစုများအတွက် သတိထားရမည့် အချက်ကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ ကေန်စင်စစ် သာယာပျော်ရွှင်သော မိသားစုတစ်ခုတည်ဆောက်ရန်မှာ လွယ်ကူသော အရာတစ်ခုပါ။ လက်ထပ်ထိမ်းမြားခြင်း စက္ကရမင်းတူး၏ မြင့်မြတ်ခြင်းသည် မိသားစုတစ်စု ဖြစ်တည်ရေးအတွက် လိုအပ်သော စိတ်ဓါတ်ခွန်အားနှင့် ဝိညာဉ်စွမ်းအားများ ရရှိစေခြင်း ဖြစ်သည်။ ခရစ်တော်သည် ခမည်းတော်၏ အလိုတော်ကို အသက်စွန့်ကာ ဖြည့်စွက်ခဲ့သကဲ့သို့ မိဘတို့သည်လည်း မိသားစုများကို အကောင်းဆုံး တာဝန်ကျေပြွန်စွာ စောင့်ရှောက်ခြင်းဖြင့် မိမိတို့၏ ခေါ်တော်မူခြင်း အသက်တာကို အနှစ်သာရရှိစွာ နေထိုင်ကြရသည်။

မိသားစုတွင် အသက်တာ အသစ်များ ဖြစ်ပေါ်လာသကဲ့သို့ လူသားထုအတွက် မျှော်လင့်ချက်အသစ်များကိုလည်း အစဉ်မွေးဖွါးပေးနေသည်။ မျိုးဆက်သစ်တိုင်းသည် မြေမျက်နှာပြင်အား အသစ်ပြုပြင်တော်မူမည့် ဘုရားသခင်၏ ကတိတော်ကို အစဉ်ဆန်းသစ်စေခြင်းဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် အသင်းတော်အတွက် ရှေ့နေ ရှေ့ရပ်ပြုပေးသူ၊ ခွန်အား ပေးသူ၊ နှစ်သိမ့်ပေးသူ အဖြစ် ဆင်းသက်လာသကဲ့သို့ မျိုးဆက်သစ်သည် အိမ်တွင်း ဆန်းသစ်မှုပင်ဖြစ်သည်။ မိသားစုတိုင်းက ဤသတင်းကောင်းကို ကြားချင်နေကြသည်။ မွန်းကျပ်သောဘဝများထဲမှ ရုန်းထွက်လိုကြသည်၊ မျှော်လင့်ချက်ကြီးစွာဖြင့် လွတ်လပ်သော အသက်တာကို ရှင်သန်လိုကြသည်။ မိသားစုတိုင်းသည် ခက်ခဲကြမ်းတမ်းသော ခရီးတစ်ခုကို ဖြတ်သန်းသွားနေရသော်လည်း လောကကြီးအတွက် သတင်းကောင်းကို ကြေငြာနေသည်။ ထို့ကြောင့် အိုင်ယာလန်တွင် ကျင်းပသော ၂၀၁၈ ခုနှစ် ကမ္ဘာ့မိသားစုများ တွေ့ဆုံပွဲတွင် "မိသားစုများ၏သတင်းကောင်း (ဧဝံဂေလိတရား) သည် ကမ္ဘာကြီးအတွက် ပျော်ရွှင်ခြင်း" (The Gospel of the Family, The Joy for the World) ဟု ကြွေးကြော်ခဲ့ကြသည်။

မိသားစုများသာ မရှိပါက ဘုရားသခင်၏လူမျိုးဆိုသည်မှာလည်း ဖြစ်တည်နိုင်စွမ်းရှိမည်မဟုတ်ပါ၊ မိသားစုတိုင်းအား ဘုရားသခင်၏ ချစ် ခြင်းမေတ္တာ၏ ဝမ်းမြောက်ခြင်းရောင်ခြည်တန်းကို သယ်ဆောင်သူ ဖြစ်စေချင်သည် ဟု ပုပ်ရဟန်းမင်းကြီးကဆိုခဲ့သည်။ မိသားစုတိုင်းသည် မိမိတို့အတွင်း၌ရှိသော ချစ်ခြင်းမေတ္တာကို အခြေခံကာ နီးစပ်သူများအားလည်း မေတ္တာမျှဝေ ပျော်ရွှင်စေသူများ ဖြစ်လာစေရေးအတွက် လုပ်ဆောင်ပေးကြရန်လည်း တိုက်တွန်းခဲ့သည်။

မိသားစုများတွင် ချစ်ခြင်းမေတ္တာအပြင် လူသားတိုင်းအမှားနှင့်မကင်းသည့်အတွက် အပြန်အလှန် အခွင့်လွှတ်တတ်ခြင်းသည် လည်းအရေးပါသည်။ ချစ်ခြင်းမေတ္တာသည် အဆုံးမရှိသည်ကို သတိရဖို့လိုသည်။ အတူဆုတောင်းသော မိသားစုသည် အတူရှင်သန်သည် ဆိုသည့်စကားအတိုင်း မိသားစုအတွင်း ဆုတောင်းမေတ္တာပြုတတ်သည့်အလေ့ကို ဖေါ်ဆောင်ကြရမည်ဖြစ်သည်။

ထို့ကြောင့် မိသားစုများအတွင်း ချစ်ခြင်းမေတ္တာ၊ ဆုတောင်းမေတ္တာနှင့် အခွင့်လွှတ်ခြင်းတို့ဖြင့် ပြည့်ဝစေပြီး လောကကြီးအတွက် မျှော်လင့်ခြင်းအသစ်၊ ပျော်ရွှင်ခြင်း အစစ်တို့မျှဝေသော သတင်းကောင်းသယ်သည့် မိသားစုများ ဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။




### ဗေလန်ကန်နီမယ်တော်

စက်တင်ဘာလ ၈ ရက်နေ့ကို ကျန်းမာခြင်း၏မယ်တော်ဟု ကျွန်ုပ်တို့သိကြသောဗေလန်ကန်နီမယ်တော် ခေါင်းစဉ်ဖြင့် မယ်တော်အား ဂုဏ်ပြုကြမည်ဖြစ်သည်။ အသင်းတော်၏ ဝတ်ပြုကိုးကွယ်ခြင်း ပြက္ခဒိန်တွင် မယ်တော်၏မွေးနေ့ဟုသာ ဖော်ပြထားသော်လည်း မြန်မာနိုင်ငံနှင့် အိန္ဒိယ တောင်ပိုင်းတွင် ဗေလန်ကန်နီမယ်တော်ပွဲကို ကျင်းပကြသည်။

သက္ကရာဇ် ၁၅၀၀ နှစ်များအတွင်း အိန္ဒိယနိုင်ငံတောင်ပိုင်း တာမီးလ်နာဒူးပြည်နယ် ဗေလန်ကန်နီရွာမှာ နွားနို့ပို့သော ကလေးငယ်အား မယ်တော်ထင်ရှားပြသည်ဟု ယုံကြည်ခဲ့ရာမှ စတင်ခဲ့သော သဒ္ဓါကြည်ညိုခြင်းဖြစ်သည်။ ဘုရားဖူးများ အဆက်မပြတ်လာရောက်သော မယ်တော်အား သဒ္ဓါကြည်ညိုရာ နေရာတစ်ခုဖြစ်လာခဲ့သည်။ အရှေ့တိုင်း နိုင်ငံများ၏ လုဒယ်မြို့ဟု လူသိများထင်ရှားသည်။

မယ်တော်အားဖြင့် ပြုသောထာဝရဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ကျွန်ုပ်တို့ လက်တွေ့ခံစားရစေသော နေရာဖြစ်သည်။ မှတ်တမ်းတင်ထားခြင်းများ မရှိသော်လည်း နှစ်စဉ်လူပေါင်းများစွာတို့သည် မယ်တော်ထံမှ ကျေးဇူးတော်များခံစားရသည်ဟုဆိုကြသည်။



**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**နာယက**
ဆရာတော် ပီတာလွိုင်စ် ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် မာရီယာနို စိုးနိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

**ဒီဇိုင်းဖွဲ့စည်းပုံ**
ဖါသာရ် စိုးနိုင် ၊ ရိုစ့်မေရီ

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ဖြန့်ချီရေးတာဝန်ခံများ**
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ငွေလွှဲရန်**
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅

**ဆက်သွယ်ရန်**
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

# ချစ်၍ပေးသော ပညတ်တော်



ဗုဒ္ဓဟူးနေ့တိုင်း ဘုရားစကား သင်ကြားပေးသော ပေါလ် (၆) ခန်းမအတွင်းသို့ ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် အရှင်သူမြတ် ဝင်ရောက်လာစဉ်

ဘုရား သခင်ရဲ့ ပညတ် တရားတော်များ အကြောင်း ဆက်လက် သွန်သင်ရာတွင် ယခုအပတ်၌ ပညတ်တော် ၁၀ ပါး အကြောင်း အရှင်သူမြတ်က သွန်သင်တော်မူခဲ့ပါတယ်။ ပညတ်တော်တွေ မပေးခင် အစမှာ ဘုရားသခင်က "ငါသည် သင်၏ သခင် ဘုရားရှင်ဖြစ်၏။ သင်တို့အား အီဂျစ်ပြည် ကျွန်ဘဝမှ ရွေးနုတ်ကယ် တင်ခဲ့သူဖြစ်၏" လို့ အစပျိုးထားတာကို ထွက်မြောက်ရာ ကျမ်းမှာ တွေ့ရပါတယ်။

ဘုရားသခင်က မိမိကိုယ်ကို ဒီလို ဘာကြောင့် ကြေညာရတာလဲ။ ရွေးနုတ်ကယ်တင်တယ် ဆိုတဲ့အကြောင်းကို ထည့်ပြောရတာလဲ။ အကြောင်း ရှိပါတယ်။ ပင်လယ်နီကို ဖြတ်ကျော်ပြီးမှ ဆီနာအီ တောင်ကို ရောက်ပါတယ်။ အီစရာအဲလ် လူမျိုးတွေကို အရင်ဦးစွာ ကယ်တင်တယ်။ ပြီးတော့မှ လိုက်ကျင့်ရမယ့် ပညတ်တွေကို ပေးတယ်။ ဆယ်ပါး ပညတ်ဆိုတာ ဘုရားသခင်ရဲ့ သနား ကရုဏာ ရက်ရောခြင်းကနေ ဖြစ်တည်လာခဲ့ပါတယ်။ အရင်ဦးစွာ မပေးဘဲ ဘုရားသခင်က ဘယ်တော့မှ တောင်းဆိုလေ့ မရှိပါဘူး။ ပေးတယ်။ ပြီးမှ တုန့်ပြန်ဖို့ တောင်းဆိုတယ်။

"သင်၏ အရှင် သခင်ဘုရား ဖြစ်၏" လို့ ဆိုတဲ့စကားကို နဲနဲလောက် ကြည့်ရအောင်။ ဒီစကားမှာ ပိုင်ဆိုင်တဲ့သဘော၊ ပတ်သက်ဆက်နွယ်မှုရှိတယ်ဆိုတဲ့သဘော သက်ရောက်ပါတယ်။ သင်ရဲ့ ဘုရားသခင်။ သင်ပိုင်တဲ့ ဘုရားဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ အဲ့ဒီတော့ ဘုရားကို အရင်ဆုံး ဦးထိပ်ထားရမယ်။ သားတော်ဖြစ်တဲ့ သခင်ခရစ်တော်ကလည်း အမြဲတမ်း ခမည်းတော်ကို ဦးထိပ်ထားတယ်။ ခမည်းတော်ချစ်သလို ငါလည်း သင်တို့ကို ချစ်တယ်လို့ဆိုခဲ့တယ်။ မိမိရဲ့ အသက်ရှင် နေထိုင်ခြင်း လုပ်ရပ်တွေမှာလည်း ဘုရားကို ဦးထိပ်ထားဖို့ လိုတယ်။ ဘုရားနဲ့ မစရင် ဘယ်လိုလုပ် အဆုံးသတ်ကောင်းပါမလဲ။ ကိုယ်နဲ့စရင် ကိုယ်နဲ့ပဲ ဆုံးလိမ့်မယ်။

ခရစ်ယာန် ဘဝမှာ ကြင်နာ ရက်ရော တော်မူတဲ့ဘုရားကို ကျေးဇူးသိတတ်တဲ့ စိတ်ရှိရမယ်။ ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရုံမက ဘုရားသခင် နဲ့လည်း ဆက်နွယ်မှုရှိရမယ်။ ဒါလုပ်ရမယ်၊ ဟိုဟာလုပ်ရမယ် ဆိုတာက ပညတ်ချက်ကို ဖြည့်ဆည်းခြင်းသက်သက်ပဲ။ ပညတ်ချက်တွေရဲ့ အခြေခံက ဘုရားရဲ့ မေတ္တာတော်။ ချစ်လို့ လိုက်ကျင့်တာမျိုး ဖြစ်ဖို့လိုတယ်။ ဥပဒေ ပညတ်ချက်အတိုင်း လိုက်ကျင့်ပြီး ဘုရားရှင်နဲ့ ရင်းနှီးဆက်နွယ်မှုမရှိရင် ယုံကြည်ခြင်းခရီးမှာ အရာမရောက်သေးပါဘူး။ တာဝန်၊ ဝတ္တရားတွေလို့ပဲ မြင်တယ်ဆိုရင် လွတ်လပ်သူတစ်ယောက်လို့ မဆိုနိုင်။ ကျွန်ဘဝကနေ လွတ်မြောက်အောင် ခေါ်ပြီးမှ ပညတ်ချက်ကို ပေးတာမို့ လွတ်မြောက်သူ အရှင် ဖြစ်ရမယ်။ ပညတ် တရားတွေက ကိုယ့်ကို ချုပ်နှောင် ဝန်လေးစေတယ်ဆိုရင် တစ်ခုခုတော့ လွဲနေပါပြီ။ ပညတ်ချက်တွေက ကိုယ့်ရဲ့ အတ္တတရားတွေကနေ လွတ်မြောက် စေရမယ်။ ပြီးတော့ မေတ္တာတရားဆီ ဦးတည် ခေါ်ဆောင်သွားရမယ်။ ပင်လယ် နီကို ကျော်ဖြတ်ပြီး ဦးစွာ လွတ်မြောက်စေတယ်။ နောက်မှ ဆီနာအီတောင်မှာ ပညတ်တရား တွေပေးတာကို သတိရပါ။ ဘုရားက ချစ်လို့ ကယ်တင်ပြီးမှ ပေးတဲ့ ပညတ်တွေမို့ မေတ္တာတရားနဲ့ ဖြည့်စွက်ရမယ့် ပညတ်တွေသာဖြစ်ပါတယ်။

တို့ဘဝမှာလည်း ဘုရားသခင်က ချစ်လို့ ပေးခဲ့တဲ့ အရာတွေ၊ ကောင်းမြတ်ခြင်းတွေ၊ ရက်ရောခြင်းတွေ ရှိကြတာပဲ။ ဒီအရာတွေအတွက် ကျေးဇူးသိတတ်စိတ်နဲ့ တုန့်ပြန် ကြရမှာဟာ တို့အပိုင်း။ ဘုရားသခင်ပြတဲ့ အံ့ဖွယ် ဖြစ်ရပ်တိုင်းအတွက် နလုံးသားထဲမှာ အဖြေရှာကြည့်ပါ။ အပြစ်ကနေ လွတ်မြောက်စေတယ်။ အပြစ်ပြုချင်တဲ့ လူ့ဇာတိကနေ လွတ်မြောက်အောင် ကူညီပေးနေတဲ့ ဘုရားရဲ့ ကျေးဇူးတော်တွေကို ရေတွက်ကြရအောင်။ ဒါမှသာ တကယ့် လွတ်မြောက်ခြင်း အရသာကို ခံစားရလိမ့်မယ်။ လွတ်မြောက်တဲ့သူ ဘုရား သားသမီးအဖြစ်နဲ့ ဘုရားပေး ပညတ်တွေကိုလည်း ဘဝအတွက် လိုက်နာ ကျင့်ကြံနိုင်မှာ ဖြစ်ပါတယ်။ မလွတ်မြောက် သေးရင် ဘုရားသခင်ဆီမှာ အော်ဟစ်ငိုကြွေး ဆုတောင်းလိုက်ပါ။ ငိုကြွေး ဟစ်အော်သံကို ဘုရားသခင် အမြဲ နားညောင်းတော်မူပါတယ်။ အပြစ် ကနေ လွတ်မြောက် စေပါ။ အပြစ်ကျေးကျွန်ဘဝကနေ တပည့်တော်၊ တပည့်တော်မကို ကယ်နုတ်ပါသခင်လို့ ဆုတောင်းကြည့်ပါ။ လွတ်မြောက်ခြင်း၊ ကျေးဇူး သိတတ်ခြင်း၊ မေတ္တာထားရှိခြင်းတွေအားဖြင့် ပညတ်တရားတွေလိုက်ကျင့်ရင်း ခရစ်ယာန်ဘဝကို အဓိပ္ပါယ်ရှိစွာ နေနိုင်ကြပါလိမ့်မယ်။



(ဇွန်လ၊ ၂၇ ရက်၊ ၂၀၁၈)

## မှတစ်ပါး အခြားမရှိ

ပထမ ပညတ်တော်မှာ "ဘုရားတစ်ဆူအပြင် မည်သည့်အရာ သတ္တဝါကို ဘုရားအမှတ်နှင့် ကိုးကွယ်ခြင်းကို မပြုနဲ့" လို့ ဆိုထားပါတယ်။ ဒီပညတ်တော်ဟာ ရုပ်တု ဆင်းတုတွေကို ကိုးကွယ်ခြင်း မပြုဖို့ တားမြစ်ပါတယ်။ ယုံကြည်သူပဲ ဖြစ်ဖြစ်၊ ဘုရားမဲ့ ဒိဋ္ဌိတွေပဲဖြစ်ဖြစ်၊ ဘုရားဆိုတာကို တစ်မျိုးတစ်မည်နဲ့ ထားရှိကြတယ်။ ရုပ်တု ဆင်းတု ကိုးကွယ်ခြင်း ဆိုတာ ဒိဋ္ဌိတွေရဲ့ ဘုရား ရှိနိုးခြင်း ကိုပဲ ပြောခြင်း မဟုတ်ဘဲ ဘုရား မဟုတ်တဲ့ အရာကို ဘုရားအဖြစ် သတ်မှတ်ကိုးကွယ်တာမို့ယုံကြည်ခြင်းကိုပါ သွေးဆောင်ထိပါးစေတဲ့ အရာဖြစ်တယ်လို့ ကက်သလစ် အသင်းတော်ရဲ့ ဘုရားစကား မှာလည်း သွန်သင်ထားပါ တယ်။

ဘုရားဆိုတာဘာလဲ။ လူသားတစ်ယောက်ရဲ့ ဘဝမှာ အဓိက ကျတဲ့သူက ဘုရားလား။ လူဆိုတာ တစ်စုံတစ်ယောက်ကို အမှီသဟဲမပြုဘဲ ရှင်သန်ရပ်တည်ဖို့ အတော်ခက်ပါတယ်။ အမှီပြုအားကိုးဖို့ ဘုရား ဆိုတဲ့ အရာကို ဈေးကွက်တစ်ခုလို ဖန်တီး လိုက်ကြတယ်။ ပစ္စည်းတွေ၊ ရုပ်တုတွေ၊ ပုံတွေကို ဘုရားအမှတ်ပြုကြတယ်။ ဗေဒင်၊ လက္ခဏာတွေ မေးခြင်းတွေကလည်း ဒီနေ့ခေတ်မှာ အယုံအကြည်တစ်ခုဖြစ်လာတယ်။ အနာဂတ်ကို ကြိုသိချင်တယ်။ ယတြာတွေနဲ့ အန္တရာယ်ကို ကာကွယ်ချင်တယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် အားကိုးရာ စွမ်းအားရှင် တစ်ယောက်ယောက်ကို လူတိုင်းက ယုံကြည်ကြတယ် ဆိုတာပဲ။ တကယ်တော့ တို့ခရစ်ယာန်တွေ အတွက် စစ်မှန်တဲ့ ဘုရားဆိုတာ ရှိပြီးသားပါ။ အသက်ရှင်တဲ့ ဘုရား၊ လူတွေကို ချစ်တဲ့ဘုရား၊ လူတွေနဲ့အတူရှိချင်တဲ့ဘုရားက တို့အနားမှာ ရှိပါတယ်။

ထွက်မြောက်ရာကျမ်းမှာ တွေ့ရတာ တစ်ခုရှိပါတယ်။ မိုးဇယ်က ဆီနာအီတောင်ပေါ်တက်ပြီး ဘုရားနဲ့တွေ့ဆုံ စကား

သီကိုရှင်း

ပြော ဆုတောင်းနေစဉ် သူ့ရဲ့ နောက်လိုက် အစ္စရာအဲလ်လူမျိုးတွေဟာ ဘုရားကို သစ္စာဖောက်ပြီး သဲကန္တာရမှာ ရွှေနွားရုပ်ပြုလုပ်ပြီး ကိုးကွယ် ခဲ့ကြတယ်။ သူတို့ကို ရွေးနုတ် ကယ်တင်ခဲ့တဲ့ ဘုရားကို စွန့်ပြီး ရုပ်တုဆင်းတု ကိုးကွယ်ခြင်းကို စခဲ့ကြတယ်။

သိတဲ့အတိုင်း သဲကန္တာရ ဆိုတာ နေစရာ၊ စားစရာ၊ သောက်စရာ ရေတောင် မရှိသောအရပ်၊ မလုံခြုံသောနေရာ၊ အတည်တကျ နေထိုင်လို့မရတဲ့ ခက်ခဲသော နေရာဖြစ်ပါတယ်။ ဒီသဲကန္တာရက တို့လူ့ဘဝကို သရုပ်ဖော်ပြနေပါတယ်။ ဘဝ လုံခြုံမှုမရှိတဲ့နေရာ၊ အခြေအနေမှာ လူဟာ အားကိုးရာကို ရှာကြတာပဲ။ သဲကန္တာရရဲ့ အခြေအနေက အားကိုးရာ မှားယွင်းစေနိုင်သော အခြေအနေ ဖြစ်နေခဲ့တယ်။ အစ္စရာအဲလ်လူမျိုးတွေ ဘုရားသခင် ဆီကနေ လမ်း လွဲခဲ့ကြပြီး သူတို့ကိုယ်တိုင် လုပ်တဲ့ အားကိုးရာ (ရွှေနွားရုပ်ကို) ဘုရားအဖြစ် ပြုလုပ် ကိုးကွယ်ခဲ့ကြတယ်။ ဘုရားသခင်ကသာ မိမိကိုယ်ကို ဖော်ပြခဲ့လို့ ဘုရားနဲ့ သိကျွမ်းခွင့် ရခဲ့တဲ့ တို့ဘဝဟာ ဘုရားနှင့် အဆက်အသွယ် မရှိတော့ရင်၊ ဘုရားအပေါ်မှာ အားကိုးယုံကြည်မှု မရှိတော့ဘူး ဆိုရင်တော့ ထင်ယောင် ထင်မှား ဖြစ်စေတဲ့ တခြားသော အရာတွေကို ဘုရားအဖြစ် သတ်မှတ် ကိုးကွယ်ကြတော့မှာပါ။

ထင်ယောင် ထင်မှား ဖြစ်စေတဲ့ စိတ်အလို ဆန္ဒတွေ၊ ချမ်းသာ စည်းစိမ်တွေ၊ ရာထူးအာဏာ၊ အောင်မြင်မှု တွေဆိုတာ လူတိုင်းရဲ့ သည်းခြေကြိုက် နောက်ယှက် သွေးဆောင်ရလွယ်သော အရာတွေပဲ ဖြစ်ပါတယ်။ အဲ့ဒီအရာတွေနောက်ကိုလိုက်ပြီး ဘုရားကို အစားထိုး၊ ဥစ္စာပစ္စည်း၊ ရာထူး အာဏာတွေကို လူတွေက ကိုးကွယ်လာကြတယ်။ မှားယွင်းတဲ့ သွေးဆောင်မှုနောက်ကို မလိုက်မိစေဖို့ သခင်ခရစ်တော်၌ ယုံကြည်ခြင်း အသက်တာကို ပိုမိုရှင်သန်ရန် လိုအပ်လာပါတယ်။ သခင်ခရစ်တော် သာလျှင် စစ်မှန်သော လွတ်လပ်မှု၊ ပြည့်ဝသော အသက်တာ၊ ထာဝရ ကယ်တင်ခြင်း ပေးနိုင်ပါတယ်။ လူတို့ ရှာဖွေနေကြတဲ့ ကြွယ်ဝချမ်းသာမှု၊ ရာထူးအာဏာ၊ အောင်မြင်မှုတွေဟာ ကိုးကွယ်ရမယ့် အရာမဟုတ်ဘဲ လူကို လမ်းလွဲ ရောက်အောင်သာ ပို့ဆောင်ပါတယ်။

ကိုယ့်ရဲ့ဘဝ သဲကန္တာရလို ယုံကြည်ခြင်း အားနည်းတဲ့အချိန်၊ အားကိုးရာမဲ့ဖြစ်တဲ့ အချိန်တွေမှာ သခင်ခရစ်တော်ထံသို့ ပြန်လှည့်လာကြဖို့ လိုပါတယ်။ ဘုရားသခင်သာလျှင် စစ်မှန်တဲ့ အသက်ရှင်သော ဘုရားဖြစ်ပြီး ဘဝအခက်အခဲ ပြဿနာများကို ကျော်လွှားနိုင်သော ခွန်အား ကျေးဇူးကိုလည်း အစဉ် အမြဲ ပေးလို့နေပါတယ်။ စစ်မှန်သော ဘုရားရှင်ကို ချစ်မြတ်နိုးစွာနဲ့ ကြည်ညိုကိုးကွယ်ကြရအောင်။

(ဩဂုတ်လ ၁ ရက်၊ ၂၀၁၈)

သီကိုရှင်း

# အားနည်းသူကိုကာကွယ်ပေးသော တလုံးတဝတည်းရှိမှု၊ စည်းလုံးမှု တို့အပေါ် အခြေခံပြီး မိသားစုဘဝ တည်ဆောက်ကြ ရန် ကမ္ဘာ့မိသားစုများကို ပုပ်ရဟန်းမင်းကြီးတိုက်တွန်း



အားနည်းသူကို ကာကွယ်ပေးသော တလုံးတဝတည်းရှိမှု၊ စည်းလုံးမှု တို့အပေါ် အခြေခံပြီး မိသားစုဘဝ တည် ဆောက်ကြ ရန် ကမ္ဘာ့မိသားစုများကို ပုပ် ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ် မှ ဩဂုတ်လ ၂၅ ရက်နေ့ တွင် တိုက်တွန်း လိုက်ပါသည်။

မိသားစုများသည် ကော်ကဲ့သို့ စုစည်းတွယ်ကပ်နေရမည်၊ မိသားစု၏ တန်ဖိုးကို ဖြစ်နိုင်သော နည်းလမ်း ပေါင်းစုံဖြင့် ကာကွယ် စောင့်ရှောက်ရမည်၊ ဖွံ့ဖြိုးတိုးတက်ရန် ပြုလုပ်ရမည်၊ မည်သူ တစ်ဦးတစ်ယောက်မျှ မိသားစု၏ တန်ဖိုးကို အမြတ်မထုတ်ရပါ။ ကမ္ဘာကြီးသည်လည်း ကြီးမားသောမိသားစုကြီး ဖြစ်ပါသည်။ ၎င်း မိသားစုကြီးတွင် နေထိုင်ကြသူ အချင်းချင်း လူမျိုးရေးပြဿနာ၊ အသားအရောင် ပြဿနာများ၊ ဆင်းရဲချမ်းသာ ခွဲခြားမှုများသည် လူ့ဂုဏ်သိက္ခာနှင့် အခြေခံ အခွင့်အရေးကို စော်ကားနေခြင်းဖြစ်ကြောင်း၊ ကမ္ဘာ မိသားစုကြီးကို အစိတ်စိတ် အမွှာမွှာ ကွဲပြားရန် လုပ်ဆောင်နေကြောင်း၊ သတိပြုထိန်းသိမ်းရမည်၊ ကိုယ်ကျင့်တရားဆိုင်ရာ အဓိကအချက်များဖြစ်သော၊ အချင်းချင်း ကာကွယ်စောင့်ရှောက်မှု၊ ပြန်လည်သင့်မြတ်မှု၊ ကိုယ်ချင်းစာတရား၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းများအတွက် စိတ်အား ထက်သန်ခြင်းများကို အားပေးလျက် မျှော်လင်ချက်များ မဆုံးရှုံးစေလိုကြောင်း ရဟန်းမင်းကြီး မှ မိသားစုများကိုပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး လွယ်လင့်တကူ လက်လွှတ် စပယ် အလေ့အထသည် မမွေးဖွားသေးသော သန္ဓေသားလောင်းများ ဖျက်ချခြင်း၊ အသက်ရှင်ခွင့်ကို ပစ်ပယ်လိုက်ကြခြင်းဖြစ်ပြီး ခုခံ ကာကွယ်နိုင်စွမ်း မရှိသော မိသားစုဝင်တစ်ယောက်၏ရပိုင်ခွင့်ကိုအတ္တကြီးစွာ ဖျက်စီး ပိတ်ပင်ခြင်းဖြစ်ကြောင်း၊ အစားအသောက်များ ဖျက်စီးဖြုန်းတီးခြင်းသည် ဆင်းရဲသားများခံစားခွင့်ကို အတ္တကြီးစွာ ဖျက်စီးပိတ်ပင်ခြင်းဖြစ်ကြောင်း၊ ထို့အတွက်ကြောင့်ကမ္ဘာကြီးတွင် ဒုက္ခသည်ဦးရေ နှစ်စဉ် တိုးပွားလာနေကာ အမြင်ကျယ်ကျယ် ထားကြရန်နှင့် လူသားချင်း စာနာကြရန် မိသားစုများကို ဆုံးမသွန်သင်ခဲ့ပါသည်။

Fr. Peter Kyi Mg

Ref: RVA Myanmar Service

# ကျွန်ုပ်တို့၏ကမ္ဘာကြီးမှာ ချစ်ခြင်းမေတ္တာ ထကြွနိုးကြားရန်လိုအပ်

ကမ္ဘာ့မိသားစုများ တွေဆုံပွဲ Dublin Saint Mary's Pro-Cathedral ကျောင်းတော်ကြီးတွင် လင်မယားစုံတွဲ ၃၅၀ နှင့် တွေ့ဆုံပြီးသူတို့မေးသောမေးခွန်းများကိုဖြေကြားပေးခဲ့ရာတွင် ကျွန်ုပ်တို့၏ကမ္ဘာ ကြီးမှာ ချစ်ခြင်းမေတ္တာ ထကြွနိုးကြားရန်လိုအပ်ကြောင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်မှ ထည့်သွင်းပြောကြားခဲ့ပါသည်။



မိသားစု၏ ရေသောက်မြစ်ဖြစ်သော ချစ်ခြင်းမေတ္တာကို တန်ဖိုးထားရန်၊ ချစ်ခြင်မေတ္တာတည်းဟူသော ရေသောက်မြစ်ကို မေ့လျော့သော မိသားစုသည် မကြီးပွားမတိုးတက်နိုင်ဟု ပုပ်ရဟန်းမင်းကြီးမှ ပြောကြားခဲ့ပါသည်။ မကြာသေးမီက ရွှေစင်ဂျူပလီကျင်းပခဲ့သော အသက်ကြီး လင်မယာစုံတွဲ၏ ဘဝနေထိုင်ပုံ သက်သေခံချက်တွင် သင်တို့သည် အတိတ်ပုံရိပ်များကို စုဆောင်း ထိန်းသိမ်းထားသူများ ဟု ထိုလင်မယာစုံတွဲအားပုပ်ရဟန်းမင်းကြီးမှ ချီကျူးခဲ့ပြီး ငယ်ရွယ်သောစုံတွဲများအား သူတို့ထံမှ စံနမူနာယူကြရန် ဆုံးမခဲ့ပါသည်။

သားသမီးများကို ယုံကြည်ခြင်း လက်ဆင့်ကမ်း ပေးမှုနှင့် ပတ်သက်သော မေးခွန်းတွင် ထမင်းစားဝိုင်းမှာ အတူတကွ စကားပြောဆိုခြင်းမှ စတင်ခြင်း၊ မိသာစု ချစ်ခြင်း မေတ္တာသည် ဘာသာတရား၏ ဝေမျှ လက်ဆင့်ကမ်းခြင်း၏ အစမူလဖြစ်ကြောင်း၊သင်တို့၏ကလေးသူငယ်များသည် သင်တို့ တပါသူအား မည်သို့ပြုမူ ဆက်ဆံသည်ကိုလေ့လာ သင်ယူနေကြောင်း၊ သင်တို့ မိဘများသည် သားသမီးများအတွက် ယုံကြည်ခြင်း လက်ဆင့်ကမ်းသူ လက်ဦးဆရာများဖြစ်ကြကြောင်း ပြောပြခဲ့ပါသည်။

လက်ထပ်ထိမ်းမြားခြင်းသည် ခေါ်တော်မူခြင်းဟု ရှင်းပြရာတွင် လက်ထပ်ထိမ်းမြားခြင်း စက္ကရမင်းတူးသည် ဘုရား၏ ထာဝရ တည်သော ချစ်ခြင်းမေတ္တာကို ဝေမျှပေးသော အမှတ်လက္ခဏာ ဖြစ်သည်ဟု ရှင်းပြပြီး လူသားထုတခုလုံးကို မိသာစုကြီးတစ်ခု ဖြစ်စေလိုပါသည်ဟု အချုပ် အနေနှင့် ပြောကြားခဲ့ပါသည်။

Fr. Peter Kyi Mg

Ref: RVA Myanmar Service

# အိုင်ယာလန်ပြည်သူ ပြည်သားများအတွက် ပုပ်ရဟန်းမင်းကြီး၏ ပထမဦးဆုံး နတ်ဆက်စကား



နွေးထွေပျူငှါစွာ ကြိုဆိုကြသည့် အတွက် သင်တို့ကို ကျေးဇူးတင်ပါသည်။ အိုင်ယာလန် ပြည်သူပြည်သားများ အပေါ် ထာဝရ ဘုရားသခင်၏ ကာကွယ်စောင့်ရှောက်မှု၊ ဦးဆောင်လမ်း ညွှန်မှု သက်ရောက်စေရန် အတွက် ကျွန်ုပ်၏ ဆုတောင်းမေတ္တာ ပို့သ ပါသည်။

အိုင်ယာလန်နိုင်ငံ သမ္မတ အိမ်တော် Aras an Uachtarain တွင် ဧည့်သည်တော် မှတ်တမ်း၌ အိုင်ယာလန် ပြည်သူပြည်သားများ အတွက် ပုပ်ရဟန်းမင်းကြီး၏ ပထမဦးဆုံး နတ်ဆက်စကားကို ထည့်သွင်းရေးသားခဲ့ပါသည်။

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ် နိုင်ငံတကာ ခရစ်ယာန် တရားဥပဒေ ရေးဆွဲပြဋ္ဌာန်းသူများနှင့် တွေ့ဆုံ

နိုင်ငံတကာ ကက်သလစ် ခရစ်ယာန် တရားဥပဒေရေးဆွဲ ပြဋ္ဌာန်းသူများ ကွန်ယက်၏ ၉ ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်းတွင် ပုပ် ရဟန်းမင်းကြီး အရှင်သူမြတ်နှင့် ဩဂုတ်လ ၂၂ ရက်နေ့က ဗာတီကန်တွင် တွေ့ဆုံခဲ့ကြ ပါသည်။

ယင်း တွေ့ဆုံခြင်းတွင် ပုပ်ရဟန်းမင်းကြီးမှ သင်တို့တာဝန်ယူ လုပ်ဆောင်နေသော ဥပဒေပြု ကဏ္ဍသည် အသင်းတော် သွန်သင်ချက်များနှင့် ကိုက်ညီစေပြီး ကမ္ဘာတဝှမ်း ဖိနှိပ်ခံနေရသော ခရစ်ယာန်များ၊ အခြားသောလူနည်းစုဘာသာတရားများကို ကာကွယ် ကူညီပေးနိုင်သော ဥပဒေများ ပြဋ္ဌာန်းပေးရမည်ဟု ပြောကြားခဲ့ပါသည်။

ဘာသာရေး အစွန်းရောက် အုပ်ချုပ်မှု စနစ်ကြောင့် ဒုက္ခ ရောက်နေကြရသော ဘာသာရေး အဖွဲ့အစည်း ငယ်လေးများကို ကာကွယ် စောင့်ရှောက်ပေးကြရန်၊ ဘာသာရေး အစွန်းရောက် အုပ်ချုပ်မှု စနစ်ကို ဘာသာရေး အစွန်းရောက် အုပ်ချုပ်မှုစနစ်ဖြင့် ပြန်လည် တိုက်ခိုက်၍မရနိုင်ကြောင်းကိုလည်း သတိပြုရန် သတိပေးခဲ့ပါသည်။

ဆက်လက်ပြီး သင်တို့သည် မတူညီသော နိုင်ငံများ၏ အခြေအနေအလိုက် လိုက်လျောညီထွေသော ဥပဒေများ ပြဋ္ဌာန်းကြရသည် ကိုလည်း နားလည်ကြောင်း၊ သင် တို့လုပ်ဆောင်နေကြရသော ကဏ္ဍတွင် ဘုရားသခင်၏ နိုင်ငံတော်နှင့် အများကောင်းကျိုးအတွက် အစေခံနိုင်သော နိုင်ငံရေးသမားများဖြစ်ကြရန်၊ သူရဲကောင်းများ မဟုတ် သက်သေခံသူများ ဘဝနှင့် သက်သေပြသူများ ဖြစ်ကြစေလိုကြောင်း ကမ္ဘာတဝှမ်းလုံးတွင် လွတ်လပ်စွာ ကိုးကွယ် ယုံကြည်ခွင့်ကို ဖော်ဆောင်နိုင်သော သူများ ဖြစ်စေလိုကြောင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်မှ နိုင်ငံတကာ ကက်သလစ်ခရစ်ယာန် တရားဥပဒေ ရေးဆွဲ ပြဋ္ဌာန်းသူများ ကွန်ယက် International Catholic Legislators Network (ICLN) အဖွဲ့ဝင်များကို ပြောကြားခဲ့ပါသည်။



Fr. Peter Kyi Mg

Ref: RVA Myanmar Service

# ကမ္ဘာ့မိသားစုတွေ့ဆုံပွဲမှ ရရှိခဲ့ကြသော အကျိုးကျေးဇူးများ




Fr. Peter Kyi Mg Ref: RVA Myanmar Service

ကလေး သူငယ်များကို ချစ်ခြင်း မေတ္တာ အကြောင်း သင်ပေးပါ။ သူတို့သည် ချစ်ခြင်း မေတ္တာကို ဖြန့်ဝေကြလိမ့်မည် ဟု ကမ္ဘာ့ မိသားစုများတွေ့ဆုံပွဲတက်ရောက်လာကြသူများကို Lydia O'Kane မှ ဝေမျှခဲ့ပါသည်။ မိသားစုတွေ ဒီမှာ စုပြီးအတူတကွ ပျော်ရွှင် ကြတယ်၊ ဆုတောင်း ကြတယ်၊ မျှော်လင့်ချက်တွေ ထားခဲ့ကြတယ်။ ဒီအချက်ဟာ တကယ်ကို အံ့ဩဝမ်းသာစရာပါ။

အိုင်ယာလန် စကားအရ ဘုရားကျောင်းကို လူအားလုံးရဲ့အိမ်လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ ဒါကြောင့် ဘုရားကျောင်းကိုလာကြဖို့၊ သင့်အိမ် သင့်မိသားစု ဖြစ်သော ဘုရားကျောင်းက သင့်ကိုကြိုဆို နေတယ် ဆိုတာ သိရှိနားလည်ဖို့ လိုတယ် ဟု ဘုန်းတော်ကြီး Fr. Alan Neville, MSC မှ ဝေမျှခဲ့ပါသည်။

(ကျေးဇူးပြု၍၊ ကျေးဇူးတင်ပါတယ်၊ ဝမ်းနည်းပါတယ်၊ သင့်ကိုကျွန်ုပ်ချစ်တယ်) (plese, thank you, sorry, I love you) ဟူသော စကားလုံးများသည် လူ့အဖွဲ့ အစည်းအတွင်း သင့်မြတ်စွာနေထိုင်နိုင်ရေးကို အထောက်အကူ ပြုသော စကားလုံးများ ဖြစ်ပြီး ၎င်းစကားလုံးများအားဖြင့် သင်သည် လူ့အဖွဲ့အစည်းတွင် မည်သို့မည်ပုံ တည်ရှိပေးနေသည်ကို ဖော်ဆောင်ပေး၍ ထိုစကားလုံးများကို မရှက်မကြောက် ပြောဆိုကြရန်လိုကြောင်း ဘုန်းတော်ကြီး Fr. Alan Neville, MSC မှ မိသားစုများအား တိုက်တွန်းဝေမျှခဲ့ပါသည်။

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အိုင်ယာလန် ကက်သလစ်ဆရာတော်ကြီးများနှင့် သီးခြားတွေ့ဆုံ

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ အိုင်ယာလန်နိုင်ငံ ခရီးစဉ်သည် အသင်းတော်အတွက် စိန်ခေါ်မှု များစွာ ရင်ဆိုင်နေရချိန်တွင် ပြုလုပ်ခဲ့သည်။ အထူးသဖြင့် အသင်းတော်သည် ဘုန်းတော်ကြီးများ၏ ကလေးငယ်များအပေါ် မတော်မတရား ပြုလုပ်ခြင်းကို ထိရောက်အောင် ဟန့်တားခြင်း မရှိဘဲ ပျက်ကွက်ခဲ့သည်များ အတွက် စွပ်စွဲခံနေရသည်။ ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ်အတွင်း ဆန္ဒပြခြင်းများလည်း ရှိခဲ့သည်။ ပုပ်ရဟန်းမင်းကြီးကိုယ်တိုင်လည်း ထိုပျက်ကွက်မှုများအတွက်တောင်းပန်စကားဆိုခဲ့သည်။

အိုင်ယာလန်နိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်နှင့် တွေ့ဆုံရာတွင် ပုပ်ရဟန်းမင်းကြီးက ဆရာတော်ကြီးများအား ပြီးခဲ့သည့် နှစ်များအတွင်း အိုင်ယာလန် ကက်သလစ် အသင်းတော်၏ အတွေ့အကြုံများမှသင်ခန်းစာယူကာ အသစ်သော ကာလဖြစ်သည့် ယခုအချိန်တွင် အသစ်သော လမ်းစဉ်ကို ဘုရားသခင်၏ ကျေးဇူးတော်အပေါ် ယုံကြည်ကိုးစားခြင်း၊ နှိမ့်ချခြင်း တို့ဖြင့် ရဲရင့်စွာ ရှာဖွေကြရန် တိုက်တွန်းခဲ့သည်။

ဆရာတော်ကြီးများအား မှာကြားချက်များထဲတွင် ဆင်းရဲသားများ၊ အပယ်ခံများ၊ ချို့တဲ့သူများအား ကအထူး ကာကွယ်စောင့်ရှောက် နေသည့် အတွက် ကျေးဇူးတင်ရင်း ဆက်လက် လုပ်ဆောင်ရန်လည်း မှာ ကြားခဲ့သည်။

အသင်းတော်နေရာအနှံ့တွင် ကလေးသူငယ်များနှင့် အားနည်းသော သူများအား ဘုန်းတော်ကြီးများ၏ အနိုင်ကျင့် မတော်မတရား ပြုကျင့်မှုများ ဖြစ်နေသည်အတွက် တာဝန်ယူမှု အပြည့်ဖြင့် သိုးထိန်းတာဝန်ကို ထမ်းဆောင်ရန် တိုက်တွန်းခဲ့သည်။



ယုံကြည်ခြင်းကို နောင်လာ နောင်သားတို့အား လက်ဆင့်ကမ်း ပေးခြင်း၌လည်း မပျက်ကွက်ကြရန်နှိုးဆော်ခဲ့သည်။

Ref: Vatican News

# မြန်မာကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ ပြင်ဦးလွင်မြို့ ဒဿနိကဗေဒဌာန ရဟန်းဖြစ်တက္ကသိုလ်မှ ရဟန်းလောင်းကိုရင်များနှင့် (၃) ရက်တာ အတူနေထိုင် ခွန်အားပေးခဲ့

မန္တလေးဂိုဏ်းချုပ် သာသနာ အတွင်းရှိ ပြင်ဦးလွင်မြို့၊ စိန့်ဂျိုးဇက် ကက်သလစ် ရဟန်းဖြစ် တက္ကသိုလ် ဒဿနိက ဗေဒဌာန သို့ မြန်မာကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် (CBCM) ကို ကိုယ်စားပြုကာ ဆရာတော်ကြီး ဂျွန်မန်းဆိမ်းဟို၊ ဆရာတော်ကြီး ဂျွန်စောယောဟန် တို့နှင့်အတူ မန္တ လေး ဂိုဏ်းချုပ်သာသနာပိုင် ဆရာတော်ကြီး နီကောလား မန်ထန်းတို့ ကြွရောက်ခဲ့ကြပြီး စာသင်သား ကိုယ်ရင်များကို အားပေးခဲ့ကြသည်။

သိုးထိန်း ဆရာတော်များ၏ ကြွရောက်ချီးမြှင့်မှုကို စာသင်သား ကိုရင်များမှ သိုးထိန်း မေတ္တာကို ဖော်ကျူးသော တေးသီချင်းများဖြင့် လည်းကောင်း၊ အကဖြင့်လည်းကောင်း ကြိုဆို နှုတ်ခွန်းဆက်ခဲ့ကြသည်။ ထို့နောက် စာချ ဘုန်းတော်ကြီးများ နှင့် စာသင်သား ကိုရင်များ ကိုယ်စား ဒုကျောင်းအုပ် Fr.Gilberf Sein Sa Loi မှ ကြိုဆို နှုတ်ခွန်းဆက်ကာ စာသင်သား ကိုရင်များအား ညီအစ်ကို ရင်းသဖွယ် မေတ္တာရှေ့ထားလျက် တတ်နိုင်သမျှ ပြုစုပျိုးထောင်လျက်ရှိကြောင်းနှင့် ကျောင်းတော်၌ ကိုရင်များအား အဆင်ပြေစေရန် အလို့ငှာ လိုအပ်သည်များ တင်ပြခဲ့ပါသည်။

ဆရာတော်ကြီး များမှလည်း ကျောင်းတော်မှ နွေးထွေးစွာ ကြိုဆိုမှုအတွက် ကျေးဇူးတင်ရှိကြောင်း ၄င်းတို့၏ ကျောင်းသားဘဝမှ ရဟန်းဘဝ ဖြတ်သန်းလာခဲ့သော အတုယူစရာ စိတ်ထားများနှင့် မှတ်သား ပြုစုထားသော တန်းဖိုးမဖြတ်နိုင်သော အားပေး စကားများကို သားငယ်၊ ညီငယ်များကို လိုက်ကျင့် နာယူနိုင်စေရန် ဝေမျှ လမ်းညွှန်ပေးခဲ့ကြသည်။

ဆရာတော်ကြီး ဂျွန်ဆိမ်းဟိုမှ ၄င်း Professor ဘဝဖြင့်နေခဲ့စဉ် ကျောင်းတော်အတွင်းရှိ စာတိုလေးများကို ကိုရင်များ သွားလာရင်း ခွန်အား ယူစေလိုခဲ့ကြောင်း၊ စာသင်သား ကိုရင်များတို့သည် မိမိတို့ဘဝတွင် ဆုတောင်းခြင်းနှင့် မိမိကိုယ်ကို ဆန်းစစ်ခြင်း ဟူသော အတောင်ပံတစ်စုံစီ ထားရှိသင့်ကြောင်း၊ ပုထုစဉ် ဘဝတွင်သာမက သူတော်စင်ဘဝတွင်လည်း အဆိုးနှင့်အကောင်း ဒွန်တွဲရာ မကောင်းမှုသည် နတ်ဆိုး၏ ဘက်တော်သားများ စရိုက်ဖြစ်၍ ကောင်းမှုပြုခြင်းသည် ဘုရားရှင်၏ ဘက် တော်သားများ၏ ပြုကျင့်သော စရိုက်ဖြစ်သောကြောင့် မိမိသည် ဘုရားရှင်၏ အသုံးတော်ခံအဖြစ် အမြဲတမ်း ရှိမရှိ သုံးသပ်ဆန်းစစ် နေသင့်ကြောင်း မိမိလက်ထဲသို့ သာသနာတော်ကြီးကို ဦးဆောင်ရမည့် အနေအထားရရှိလာ မည်ဆိုလျှင် မည်ကဲ့သို့ ဦးဆောင်မှုပြုမည်ကူညီမည် ဟူ၍ကြိုတင် ပြင်ဆင်သင့်ကြောင်း သိက္ခာတင်ခြင်းသည် *အကျင့်စာရိတ္တကိုပြောင်းလဲပေးနိုင်မည်မဟုတ် သောကြောင့် ယခုချိန်မှ မိမိကိုယ်ကို ပြောင်းလဲကာ ကျင့်ကြံ အားထုတ်သင့်ကြောင်း၊* သင်ယူချိန်ကာလ မိမိဘဝတွင် စံပြုထားအပ်သော ဘုန်းကြီးရဟန်းတစ်ပါးပါးထားရှိ





သင့်သည်နည်းတူ မိမိတို့ အချင်းချင်းအကြား သူတော်စင် သူတော်ကောင်းတို့ ပြုကျင့်အပ်သော ငါသည်ထိုသူ အတွက် အလင်းဖြစ်ရမည်ဟူသော သံန္နိဌာန်ပြု၍ ကြိုးစားသင့်ကြောင်း တိုက်တွန်းလမ်းညွှန်ခဲ့သည်။

ဆရာတော်ကြီး ဂျွန်စောယာဟန်ကလည်း Formation ဘဝတွင် ဘုရားကို မျက်ကွယ်ပြုသောသူသည် ဘုန်းကြီး ဖြစ်ဖို့ရန်မလွယ်ကူကြောင်း ဘုန်းကြီးဖြစ်မည့် ပုဂ္ဂိုလ်သည် ခရစ်တော်ကိုသာ သူ့ဘဝ၏ ဗဟို (the source of Heart) အဖြစ် ခံယူနိုင်မှသာ သူ့အတွက်အားလုံး ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုများကို လွဲမှားစွာ ရာထူး အာဏာ၌တန်ဖိုးထားမိခြင်း၊ လိင်ပိုင်းဆိုင်ရာမှာ စိတ်ကျေနပ်ဖွယ်ရာ အနေဖြင့် တန်ဖိုးထားမိခဲ့လျှင် သူ့အတွက်ရော သူကြည့်ရှုနေတဲ့ သူတွေအတွက်ရော ပျက်စီးမည်ဖြစ်ကြောင်း၊ တစ်နေ့မနက်အိပ်ယာထတာနဲ့ Self-Conscious က How I Live in the present of God မေးခွန်းလေးကို မေးသင့်ကြောင်း၊ မာသာ ထရေဇားမှ ရဟန်းဖြစ် ကျောင်းသားများအား အဆိုပြုထားမှုကို အခြေခံလျက် မိမိတို့ဘဝမှာ (Dependent of love) မထားသင့်ကြောင်း၊ ကိုယ့်နှလုံးသားက ဘုရားအတွက်သာ ပေးဆပ်ထားရင် ဒီလမ်းအတိုင်းသာဆက်သွားသင့်ကြောင်း၊ ရေရာသေချာမှုမရှိဘဲ ကိုယ့်ဘဝကို မရပ်တည်သင့်ကြောင်း၊ အိပ်ယာဝင်တဲ့အခါ ငါသည် ဘယ်လိုနေခဲ့သလဲ၊ အချစ်ပြည့်ဝတဲ့ ရဟန်းဖြစ်ကျောင်းသား အနေနဲ့ တစ်နေ့တာ နေသွားခဲ့သလား။ ဒါမှမဟုတ် မဖြစ်စလောက်လေးနဲ့ နေသွားခဲ့သလား။ ဆက်သွားသင့် မသွားသင့် ပြတ်ပြတ်သားသား ကိုယ့်ဘာသာကို ဆုံးဖြတ်သင့်ကြောင်း၊ မင်္ဂလာဆောင်သတို့သားနှင့် သတို့သမီးတို့ ဘုရားရှေ့တွင် ကတိသစ္စာပြုကြ၍ သက်ဆုံးတိုင် စောင့်ထိန်းကြရသည်နည်းတူ ဘုန်းကြီးရဟန်းဘဝတွင်လည်း ဆရာတော်တွေကို နားထောင်မယ် ဘုရားသခင်စေရာကိုသွားပါ့မယ် ဟူသော သစ္စာဆိုပြီး ဘဝတစ်သက်တာလုံး ကျင့်ဆောက်တည်ရမည် ကြောင်း ရဟန်းဘဝကို လျှောက်လှမ်းရန် လိုအပ်သော ကျင့်ကြံမှုများ အားထုတ်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဆရာတော် ဂျွန်စောယောဟန်က ကျောင်းတွင် အုပ်ထိန်းသူနှင့် စာသင်ကိုရင်တို့ အရေအတွက် မညီမျှသောကြောင့် တစ်ဦးချင်းစီကို လိုက်ကြည့်ရန် မလွယ်ကူသည်ဖြစ်၍ ကိုရင် အချင်းချင်းသာသိရာ အချင်းချင်းသတိပေး ကူညီသင့်ကြောင်း၊ ရဟန်းဖြစ်ကျောင်းများတွင် self-culture ခေါ် ရှေ့နောင်တော်ကြီးများ ထားခဲ့သော လက်ဆင့်ကမ်း၊ ဓလေ့အဆိုးအကောင်းများရှိရာ အကောင်းများကိုသာ မိမိဘဝအတွက် ယူသင့်ကြောင်း၊ Formation ကာလတွင် ဝိညာဉ်ရေး၊ ပညာရေး၊ လူမှုရေးနှင့် သိုးထိန်းလုပ်ငန်း ဆိုင်ရာ (Pastrol) များကို ညီမျှအောင်နေသင့်ကြောင်း ဝိညာဉ်ရေး လမ်းညွှန်ရဟန်းထံ ချဉ်းကပ်ရာတွင် မိမိ၏အမှားကြောင့် ဘုန်းကြီး မဖြစ်မှာကို စိုးရိမ်မရှိဘဲ၊ မဖြစ်သင့်ဘဲ ဘုန်းကြီးဖြစ်သွားမှာကို သာစိုးရိမ်သင့်ကြောင်း၊ မိမိတို့ဘဝတွင် ဘုရားကိုသာ ဗဟိုပြုရန်၊ မိမိ၏အ သက်တာကို ဘုရားရှင်၏ အလင်းတော်၌ ရှင်သန်စေရန်နှင့် ဘုရားရှင်နှင့် ရင်းနှီးဆက်နွယ်တတ်သော နှလုံးသား များထားရှိရန် တိုက်တွန်း လမ်းညွှန်ခဲ့သည်။

မန္တလေး ဂိုဏ်းချုပ်ဆရာတော်ကြီး Nicholas Mang Htang မှ ပြောကြားရာတွင် ဆရာတော်ကြီးများ ယခုလို ကြွရောက်လာခြင်းကြောင့် မိမိအနေဖြင့် ဝမ်းသာလျက်ကျေးဇူးတင်ရှိပါကြောင်း သမိုင်းတလျှောက်သာသနာတော်ကြီးမှာ ဤတနိုင်ငံလုံး ဆိုင်ရာ ဒဿနိကဌာန ကက်သလစ် ရဟန်းဖြစတက္ကသိုလ် တည်ရှိဖို့ရန်အတွက် များစွာကြိုးပမ်းခဲ့ရကြောင်း၊ ဘုရားရှင်သည် ယခုချိန်ထိတိုင် ကျွန်တော်တို့အပေါ် ရက်ရောမှုရှိနေကြောင်း၊ CBCM မှ တစ်နှစ်လျှင် သုံးကြိမ်လာရောက်အားပေးရန် ဆုံးဖြတ်ထားကြောင်း၊ ကိုရင်များအနေဖြင့် ဘုရားရှင်အပေါ် ယုံကြည်ခြင်း အပြည့်ဖြင့် ကောင်းမွန်စွာ ဆုတောင်းသင့်ကြောင်း စသည်ဖြင့် စာသင်သား ကိုရင်များကို အားပေးပြောကြားခဲ့သည်။

ဆရာတော်ကြီးများ၏ လမ်းညွှန်အမှာစကားပြောကြားမှု အပြီးတွင် ကျောင်းအုပ်ဘုန်းတော်ကြီး Fr.Peter Than က ဆရာတော်ကြီးများအား ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကာ ဆရာတော်များအား လက်ဆောင်ပစ္စည်း ဆက်ကပ်ခဲ့ကြသည်။ ထို့နောက် ဆရာတော်များသည် ကျောင်းတော်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် အဖဆရာတော်ကြီး ဂျွန်ဆိမ်းဟို မှ ဦးဆောင်ကာ ဆရာတော်(၃)ပါးနှင့် ရဟန်းတော်များပါဝင်လျက် မစ္ဆားတရားတော်မြတ်ကို ပဟောကြားခဲ့ပြီး စစ္စတာရ်များ၊ ကိုရင်များ၊ ရဟန်းလောင်းကျောင်းသားများနှင့် ဘာသာဝင်များ အတူတကွ ပါဝင်ဆုတောင်းခဲ့သည်။

ဆရာတော်ကြီးများသည် မိမိတို့၏ သာသနာ တော်ကြီး တိုးတက်ရာတိုးတက်ကြောင်း တစိုက် မတ်မတ် လုပ်ဆောင်နေသော်လည်း ရဟန်းဖြစ်တက္ကသိုလ်တွင် ဇူလိုင်လ (၂၄) ရက်နေ့မှ (၂၆) ရက်နေ့ ၃ ရက်တိုင်အောင် ကျောင်းသားများနှင့်အတူ နေထိုင်ခြင်းသည် ကိုရင်များအား ခွန်အားများစွာဖြစ်ထွန်း စေခဲ့သည်သာမက သူတို့၏ သူတော်စင်ဘဝလမ်း၌ ဆက်လက် လျှောက်လှမ်းနိုင်ရန် အရေးပေး လက်ကမ်းကြိုဆိုနေခြင်းများ ဖြစ်စေခဲ့ပါသည်။

ထို့ကြောင့် ဆရာတော်ကြီးများ၏ အားပေးစကားများသည် ချစ်သားတို့၏နှလုံးသားများတွင် ခွန်အားများအဖြစ် ကျန်ရှိနေမည်ဖြစ်ပါသည်။

သတင်း - J ရှန်း(LW)

ကာဒီနယ် ချားလ်စ်ဘို၊ ဆရာတော်ဖဲလစ် နှင့် ဆရာတော်ဂျွန်စေယောဟန် တို့သည် ရန်ကုန်မြို့ရှိမြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်ရဟန်းဖြစ်တက္ကသိုလ် (သီအော်လော်ဂျီ) ဌါနသို့ ၂၀၁၈ ခု ဩဂုတ်လ ၁၆ ရက်နေ့တွင် အလည်အပတ်ကြွရောက်လာပြီး ရဟန်းလောင်း ကိုရင်များအား အားပေးစကား နှင့် ဆုံးမစကားများ မြွက်ကြားခဲ့သည်။






# မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် သာသနာ့ခုံရုံးအဖွဲ့ ဖွဲ့စည်းရန် အစည်းအဝေးကျင်းပ

ကက်သလစ်သာသနာတော်၏ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ကိစ္စရပ်များ အတွက် ကူညီ အဖြေရှာပေးနိုင်မည့် အဖွဲ့ ဖွဲ့စည်းရန် အစည်းဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။ နှစ်ရက်တာ ပြုလုပ်မည့် ထို အစည်းအဝေးကို ဩဂုတ်လ ၁၄ ရက် အင်္ဂါနေ့ နံနက် ၉ နာရီ တွင် ပထမနေ့ အဖြစ် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်ရုံး၌ စတင် ပြုလုပ်ခဲ့ပါသည်။



ကလေးဂိုဏ်းအုပ်သာသနာမှ ဆရာတော်ကြီး Felix Lian Khen Thang နှင့် ရန်ကုန် ဂိုဏ်းချုပ်သာသနာမှ လက်ထောက် ဆရာတော် John စောယောဟန် တို့ ဦးဆောင်၍ ဂိုဏ်းချုပ်/ဂိုဏ်းအုပ် သာသနာ အသီးသီးမှ ကာနွန်ဥပဒေဘွဲ့ အထူးပြုထားသော ဖာသာရ်များ ပါဝင် တက်ရောက်ကြသည်။ မန္တလေး ဂိုဏ်းချုပ် သာသနာမှ အနားယူပြီးဖြစ်သော ဆရာတော်ကြီး Paul Grawng မှ အဖွင့် ဆုတောင်းမေတ္တာကို ဦးဆောင်ပေးပြီး၊ အားပေးစကား ပြောကြားခဲ့ပါသည်။

ဂိုဏ်းချုပ်/ဂိုဏ်းအုပ် သာသနာ အဆင့် သာသနာ့ ခုံရုံး၊ ဂိုဏ်းချုပ်/ဂိုဏ်းအုပ် သာသနာများ ပူးပေါင်းပါဝင်သော အဆင့် သာသနာ့ ခုံရုံးနှင့် မြန်မာနိုင်ငံလုံး ဆိုင်ရာ ကက်သလစ် သာသနာ့ခုံရုံး အသီးသီးကို ဖွဲ့စည်းခဲ့သည်။

သာသနာ့ခုံရုံး အသီးသီး၏ ဖွဲ့စည်းမှုပုံစံနှင့် ပါဝင်သူ ဆရာတော်များ၊ ဖာသာရ်များ၏ အမည်စရင်းကို ရဟန်းမင်း ကြီးရုံးတော်ရှိ သက်ဆိုင်ရာ ကော်မရှင်များသို့ ပေးပို့၍ အတည်ပြုချက်ကို ရယူ သွားမည် ဖြစ်သည်။

အဆိုပါ အစည်း အဝေး၌ပင် မြန်မာနိုင်ငံ ကက်သလစ်သာသနာ၏ ကာနွန်ဥပဒေပညာရှင်များ အဖွဲ့ကိုလည်း ဖွဲ့စည်း ခဲ့ကြပါသည်။

Fr. မြတ်ကြိုင် RVA

# ရန်ကုန်ဂိုဏ်းချုပ်သာသနာအတွင်းရှိ ကော်မရှင်အသီးသီးတို့၏ နှစ်ပတ်လည်တွေ့ဆုံဆွေးနွေးခြင်း



ရန်ကုန်ဂိုဏ်းချုပ် သာသနာအတွင်းရှိ ကော်မရှင် အဖွဲ့စည်းပေါင်း (၃၀) တို့သည် တစ်နှစ်တာအတွင်း လုပ်ဆောင်ခဲ့ကြသော လုပ်ငန်းများ ပြန်လည်သုံးသပ် တင်ပြဆွေးနွေးခြင်းနှင့် ဆက်လက်လုပ် ဆောင်သွားကြမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးခြင်း အစည်းအဝေးကို ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီး ကျောင်းတိုက်တွင် ဩဂုတ် လ ၁ ရက် နှင့် ၂ ရက်တို့က ကျင်းပပြု လုပ်ခဲ့ကြသည်။

ထိုတွေ့ဆုံအစည်းဝေးတွင် Cardinal Charles Bo မှ အားပေးအမှာစကား ပြောကြာရာတွင် သာသနာတစ်ခု၏ အဓိကအခိုင်မာ အင်အားများသည် ကော်မရှင်အသီးသီးတွေရဲ့ လုံးလဝိရိယ ကြိုးစားအားထုတ်မှု အပေါ်တွင် မူတည်ရှင်သန်နေခြင်းကြောင့် ယခုကဲ့သို့ ကြိုးစား လုပ်ဆောင်ခဲ့ကြခြင်းအတွက် ကျေးဇူးတင်ကြောင်း၊ဆက်လက်၍ လည်းကြိုးစား အားထုတ်ကြ ရန်နှင့် ကော်မရှင်အသီးသီး ချိတ်ဆက်၍ မိမိအလုပ်ကျွာနှင့် အခြားလိုအပ်ချက် ကဏ္ဍာ အရပ်ရပ်ပေါ်တွင်လည်း ပူးပေါင်း၍ ပါဝင် လုပ်ဆောင်ကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

သာသနာတော်၏ အခြားလိုအပ်သည့် လုပ်ငန်း ဆောင်တာများကို လုပ်ဆောင်နိုင်ရန် သာသနာပိုင် ဆရာတော်များ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကော်မရှင်အသီးသီးကို ဖွဲ့စည်း တည်ထောင်ထားခြင်း ဖြစ်သည်။ ထိုအဖွဲ့များသည် တစ်နှစ်တာအတွင်း လုပ်ဆောင်ခဲ့သည့် အလုပ်များ နောက်တစ်နှစ်တာအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး သုံးသပ်ဆွေးနွေးကြပြီး လမ်းညွှန်မှု အကြံပေးမှုများကို ခံယူကြခြင်း ဖြစ်သည်။

Yangon OSC

# သာသနာလုံးဆိုင်ရာဘော်ဒါအုပ် / ထိန်းများမွမ်းမံသင်တန်းပေး

ပုသိမ်ဂိုဏ်းအုပ်သာသနာ မရမ်းချောင်းတွင် ဇူလိုင်လ ၂၃ မှ ၂၇ ရက်ထိ ပြုလုပ်ကျင်းပခဲ့သော သာသနာလုံးဆိုင်ရာဘော်ဒါအုပ်/ထိန်းများ မွမ်းမံသင်တန်း ကို Fr Florence Aung Kyaw Oo အဖွဲ့တို့မှ ဦးဆောင် ကာကျင်းပခဲ့ပါသည်။

ယခုသင်တန်းကို ပုသိမ်ဂိုဏ်းအုပ် သာသနာ မှ ဘော်ဒါအုပ်ထိန်းသူ ဘုန်း တော်ကြီးများ၊ ကိုရင်များ၊ သီလရှင်များနှင့် ဘာသာသူများ ၃၀ ကျော် တက်ရောက်ခဲ့သည်။ သင်တန်း ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်မှာ "အရည်အသွေး ပြည့်ဝသော ဘော်ဒါအုပ်ထိန်းများမွေးထုတ်ပေးရန်၊ သင်တန်းမှ ပို့ချလိုက်သော သင်ခန်းစာများအား မိမိတို့ဘော်ဒါ ကျောင်းများတွင် လက်တွေ့ပြန်လည်လုပ်ဆောင်နိုင်ရန်" တို့ဖြစ်ပါသည်။

သင်တန်း ပို့ချသောသူများမှာ Fr Florence Aung Kyaw Oo၊ Fr. Noah၊ Fr. Bosco Aung Tun Lay၊ Bro Vincent၊ Sr Irene၊ ဆရာဦးတင်မောင်လတ်၊ ဆရာဂျော့နှင့် ဆရာ ဦးချစ်ကိုကို တို့က ပို့ချခဲ့ပါသည်။

ကလေးများရဲ့ ဘဝတိုးတက်ရန် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး နှင့် ဘာသာရေး အသီးများ တိုးတက်ရန် ဘော်ဒါတွင် မိသားစုကဲ့သို့ နေထိုင်နိုင်ရန် မိသားစုနဲ့ ဘော်ဒါ၏ ခြားနားချက်၊ အားနည်းချက်အားသာချက်များကို အတူတကွ ဆွေးနွေး၍ ဘော်ဒါအုပ်များရဲ့ အားနည်းချက်၊ လက်ရှိစိန်ခေါ်နေရတဲ့ ဘော်ဒါများ၏ပြဿနာများ၊




ကလေးတွေကို ပြုစုစောင့်ရှောက် ပေးရန်စသည့် အကြောင်းအရာများနှင့် ပတ်သက်ပြီး ဆွေးနွေးပို့ချခဲ့ကြောင်း သင်တန်းပို့ချသူ Fr. Noah ပြောသည်။

သင်တန်း တက်ရောက်သူ SR တပါးကလည်း ၎င်းအနေဖြင့် ယခုကဲ့သို့ သင်တန်း တက်ရတာ အလွန် ကောင်းမွန်ကြောင်း၊ အများကြီး ဗဟုသုတ ရကြောင်း၊ ကိုယ့်ဘက်က လိုအပ်ချက်များကို ပြုပြင်ပြီး ကလေးတွေကို ဘယ်လို ထိန်းကျောင်း ရမည်ကို ကောင်းစွာ သိရှိခဲ့ရကြောင်း ယခုသင်တန်း တက်ရောက်ခြင်းနှင့် ပတ်သက်ပြီး မှတ်ချက်ပြုခဲ့သည်။

သင်တန်း တက်ရောက်သူ FR တပါးကလည်း ယခုသင်တန်းကို တက်ခြင်းအားဖြင့် ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်း ဆိုင်ရာလိုအပ်ချက်တွေကို သိရှိရပြီး ဘော်ဒါထိန်း အနေဖြင့် ကလေးတွေအပေါ်မှာဘယ်လို ကိုင်တွယ် ဖြေရှင်းရမည်၊ ဘယ်လို ဂရုစိုက်ရမည် ဘယ်လို ကာကွယ်ပေးရမည် စသည့် အချက်များကို သိရှိခဲ့ရပြီး ၎င်းတို့ကို ပြန်လည် အသုံးချသွားမည်ဖြစ်ကြောင်း ဆိုသည်။

သင်တန်း နောက်ဆုံးနေ့တွင် အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြပြီး သင်တန်းတက်ရောက်သူ အားလုံးကို သင်တန်း ဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

PATHEIN OSC

# တောင်ကြီး ကက်သလစ် ဂိုဏ်းချုပ်သာသနာအတွက် ရဟန်းသစ်တစ်ပါးရရှိ




တောင်ကြီး ကက်သလစ် ဂိုဏ်းချုပ် ဆရာတော်ကြီး ဘာစီးလီယို အားသိုက်လက်တော်မှ ဩဂုတ်လ (၄) ရက်က ဦးပဋ္ဌင်း အန်ထော်နီ သီဟနိုင်သည် တောင်ကြီး စိန့်ဂျိုးဇက် ဘုရားကျောင်း၌ ထာဝရ ရဟန်းသိက္ခာကို ခံယူရရှိခဲ့သည်။

ရဟန်းသိက္ခာတင် အခမ်းအနားကို တောင်ကြီးမြို့ စိန့်ဂျိုးဇက် ဘုရားကျောင်းတွင် နံနက် (၉း၀၀)နာရီက စတင်ခဲ့ပါသည်။ အခမ်းအနားတွင် ဆရာတော်ကြီး (၃) ပါး၊ အနယ်နယ် အရပ်ရပ်မှ ဘုန်းတော်ကြီးများ သီလရှင်များ၊ ကိုရင်များ၊ မိဘဆွေမျိုးများနှင့် ဓမ္မမိတ်ဆွေများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ရဟန်းလောင်းကို သိက္ခာမတင်မီ တောင်ကြီး ဂိုဏ်းချုပ် ဆရာတော်ကြီး ဘာစီးလီယို အားသိုက်က မိန့်မှာစကားမြွက်ကြားရာတွင် " ရဟန်းဘဝ နေရတာ တစ်ရက် တစ်မနက်မလွယ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့ကို ဘုရားသခင်ကူညီမှာပါ။ ကိုယ်တင်ခဲ့တဲ့ လက် ရွက်စရာလည်း မရှိပါဘူး။ တုန်စရာလဲ မရှိပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ယုံယုံကြည်ကြည်နဲ့ ဘုရားသခင်အမှုတော် ပျော်ပျော်ရွှင်ရွှင် ထမ်းရွက်နိုင်ဖို့ပဲ လိုပါတယ်။" ဟု ဆရာတော်ကြီး က ရဟန်းတစ်ပါးဖြစ်ဖို့ မလွယ်ကူကြောင်းနှင့် ရရှိလာသည့် ရဟန်းဘဝတွင်လည်း ဘုရားသခင်အားဖြင့် ပျော်ပျော်ရွှင်ရွှင်ဖြင့် အမှုတော်ကို ထမ်းဆောင်ကြဖို့ လိုအပ်ကြောင်းကို မြွက်ကြားခဲ့ပါသည်။

ဆက်လက်၍ ဆရာတော်ကြီးက ထိုသိက္ခာပေးလိုက်သည့် ရဟန်း ၁၀ နှစ်ကြာပြီးနောက် သံဃာ့အသိုင်းအဝိုင်းကို စွန့်လွှတ်သွားမည်၊ ဆရာတော်စကားကို နားမထောင်တော့မည်ကို သိက္ခာတင်ပေးသည့် ဆရာတော်များ အနေဖြင့် လက်တုန်မိကြောင်း၊ အသင်းတော်တွင် ၎င်းပြဿနာများဖြစ်ပွားလျှက်ရှိကြောင်း၊ ဆိုသည်။

"ကျမ်းစာထဲမှာ သင်သည် ထာဝရ ရဟန်းဖြစ်၏ဆိုပြီး ယုံယုံကြည်ကြည်နဲ့ တင်မြှောက်တာပဲ ထာဝရမဖြစ်ဘဲ တဒင်္ဂဖြစ်တာကတော့ တစ်ဦးစီပေါ်မှာပဲ မူတည်တာပေါ့။ တစ်ဦးစီရဲ့ သစ္စာတရားပေါ်မှာပဲ မူတည်တယ်။ အသင်းတော်မှာ အဲ့ဒီ ထာဝရ ရဟန်းဆိုတာကို သိပ်တန်ဖိုးထားတယ်။" ဟု ဆရာတော်ကြီးက ရဟန်းဘဝကို သက်ဆုံးတိုင် တည်ကြည်ရန် ရဟန်းလောင်း ဘုန်းတော်ကြီး အန်ထော်နီကို မိန့်မှာခဲ့သည်။

ဆရာတော်ကြီးများ၏ လက်တော်မှ ရဟန်းသိက္ခာ ခံယူပြီးနောက် ရဟန်းဘုန်းတော်ကြီးသစ် အန်ထော်နီ သီဟနိုင်က ၎င်းငယ်ငယ်က မနက်တိုင်း ဘုရားကျောင်း တက်လေ့ရှိပြီး ဝတ်ပြုကိုးကွယ်ခြင်း များတွင် ရဟန်းတော်များ ကိုကြည့်၍ ရဟန်းတစ်ပါး ဖြစ်ချင်ခဲ့ခြင်း ဖြစ်သည်ဟု ပြောပြသည်။

သူတော်စင်ဘဝကို ရွေးချယ်လျှောက်လှမ်းရာတွင် အခက်အခဲ အမျိုးမျိုးကို တွေ့ကြုံခဲ့ရပြီး နောက်ဆုံးတွင် ဘုရားသခင်က ယခုကဲ့သို့ ရဟန်းဖြစ်ခွင့်ကို ပေးခဲ့ကြောင်း၊ ရှေ့ဆက်လျှောက်လှမ်းရမည့် ရဟန်းဘဝ အသက်တာတွင် ခရစ်တော်နှင့်အတူ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"ကျွန်တော့်ရဲ့ မိုတိုကတော့ "Through Christ, With Christ , In Christ" သခင်ခရစ်တော်အားဖြင့် သခင်ခရစ်တော်၌ သခင်ခရစ်တော်နှင့်အတူ ဆိုတဲ့ စကားလုံးသုံးလုံးဟာ ကျနော့်အတွက် အရမ်းလေးနက်ပါတယ်။ သခင် ခရစ်တော်အားဖြင့် ကျနော် မွေးဖွားခြင်းဟာ ဘုရားသခင်အတွက် မွေးဖွားတာဖြစ်တယ်။ သခင်ခရစ်တော်၌ ဆိုတာကျနော်သည် ရဟန်းဘောင်သို့ရောက်နေသည့် အချိန်မှာ ကျွန်တော် လျှောက်သွားရမည့်လမ်း၊ ကျွန်တော်လုပ်ဆောင်ရမည့် အရာတွေဟာ သခင်ခရစ်တော်နှင့် လုပ်ဆောင်မယ်၊ သခင်ခရစ်တော်၌ အသက်ပေး သွားပါ့မယ်လို့ ခံယူထားပါတယ်။" ဟု ဘုန်းတော်ကြီးသစ်က ဘာသာဝင်များကို ပြောကြားခဲ့သည်။

Fr.Anthony ThiHa Naing ကို အဖဦးလျို့၊ အမိဒေါ်မူဒတို့မှ မွေးဖွားခဲ့ပြီး မွေးချင်းမောင်နှမ ကိုးယောက် ရှိသည့်အနက် Fr. Anthony မှာ ပဋ္ဌမမြောက် သားရတနာဖြစ်ပါသည်။ ရဟန်းသစ် Fr.Anthony အား လွိုင်လင်ဖုံ၊ မိုင်းပန်မြို့တွင် လက်ထောက်ကျောင်းထိုင်ဘုန်းတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရမည်ဟု တောင်ကြီး ဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီး ဘာစီးလီယို အားသိုက်မှ တာဝန်ပေးအပ်ခဲ့ပါသည်။

Pinky (MDY-OSC)

# သိက္ခာတင်ခြင်းသည် အကျင့်စာရိတ္တကို ပြောင်းလဲပေးနိုင်မည်မဟုတ်သောကြောင့် ကြိုတင်ပြင်ဆင်ကြရန် ရဟန်းလောင်း ကိုရင်များကို ဆရာတော်ကြီး ဂျွန်မန်းဆိန်းဟို တိုက်တွန်း



သိက္ခာတင်ခြင်းသည် အကျင့်စာရိတ္တကို ပြောင်းလဲပေးနိုင်မည် မဟုတ်သောကြောင့် ကိုရင်များအနေဖြင့် မိမိကိုယ်ကို ပြောင်းလဲကျင့်ကြံ အားထုတ်သင့်ကြောင်း ပုသိမ်ဂိုဏ်းအုပ် ဆရာတော်ကြီး ဂျွန်မန်းဆိန်းဟိုက ပြင်ဦးလွင်မြို့၊ ဒဿနိကဗေဒဌာန စိန့်ဂျိုးဇက် ရဟန်းဖြစ်သင်ကျောင်းမှ ကိုရင်များနှင့် တွေ့ဆုံရာတွင် လမ်းညွှန် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင်လက မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် ကိုယ်စား ဆရာတော်ကြီး ဂျွန်မန်းဆိန်းဟို၊ ဆရာတော်ကြီး နီကောလားစ်မန်ထန်း၊ ဆရာတော်ကြီး ဂျွန်စောယောဟန်တို့သည် ပြင်ဦးလွင်မြို့တွင် ဖွင့်လှစ်ထားရှိသော ဒဿနိကဗေဒဌာန၊ စိန့်ဂျိုးဇက် ရဟန်းဖြစ်သင်ကျောင်းသို့ သွားရောက် ခဲ့ကြပြီး ရဟန်းလောင်း ကိုရင်များကို သွားရောက်အားပေးကြည့်ရှုခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ကိုယ်ရင်များဖြင့် တွေ့ဆုံရာတွင် ဆရာတော်ကြီး ဂျွန်မန်းဆိန်းဟိုက ပုထုစဉ်ဘဝတွင်သာမက သူတော်စင် ဘဝတွင်လည်း အဆိုးနှင့်အကောင်း ဒွန်တွဲနေပြီး မကောင်းမှုသည် နတ်ဆိုး၏ ဘက်တော်သားများ စရိုက်ဖြစ်၍ ကောင်းမှုပြုခြင်းသည် ဘုရားရှင်၏ ဘက်တော်သားများ၏ ပြုကျင့်သော စရိုက် ဖြစ်သောကြောင့် မိမိသည် ဘုရားရှင်၏ အသုံးတော်ခံအဖြစ် အမြဲတမ်း ရှိမရှိ သုံးသပ် ဆန်းစစ်နေ သင့်ကြောင်း မိန့်ကြားခဲ့သည်။ ထို့အပြင် ရဟန်းတစ်ပါး၏ အကျင့်သိက္ခာနှင့် ပတ်သက်ပြီး သိက္ခာတင်ခြင်းသည် အကျင့်စာရိတ္တကို ပြောင်းလဲပေးနိုင်မည်မဟုတ်သောကြောင့် ယခုချိန်မှ မိမိကိုယ်ကို ပြောင်းလဲကာ ကျင့်ကြံ အားထုတ် သင့်ကြောင်း၊ သင်ယူချိန်ကာလ မိမိဘဝတွင် စံပြုထားအပ်သော ဘုန်းကြီး ရဟန်းတစ်ပါးပါး ထားရှိသင့်သည်နည်းတူ မိမိတို့ အချင်းချင်းအကြား သူတော်စင် သူတော်ကောင်းတို့ ပြုကျင့်အပ်သော ငါသည် ထိုသူအတွက် အလင်းဖြစ်ရမည် ဟူသော သံန္နိဋ္ဌာန်ပြု၍ ကြိုးစားသင့်ကြောင်း ကိုရင်လေးများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လ (၄)ရက်က တောင်ကြီးမြို့ စိန့်ဂျိုးဇက် ဘုရားကျောင်းတွင် ပြုလုပ်ခဲ့သော ရဟန်းသိက္ခာတင်ပွဲ အခမ်းနားတွင်လည်း တောင်ကြီး ဂိုဏ်းချုပ် သာသနာ ဆရာတော်ကြီးဘာစီးလီယို အားသိုက်က ကက်သလစ် အသင်းတော်အနေဖြင့် ထာဝရ ရဟန်းသိက္ခာတော်မြတ်ကို တန်ဖိုးထားပြီး ရဟန်းများအနေဖြင့် နာခံခြင်းနှင့် ဆင်းရဲခြင်းသစ္စာများကို စောင့်ထိန်းပြီး ရဟန်းဘဝကို ကျင့်ဆောက် တည်ရန် ရဟန်းဘုန်းတော်ကြီးများကို မှာကြားခဲ့သည်။ “ရဟန်းသိက္ခာကိုတင်ပြီး နောက် ဆယ်နှစ်မြောက်တဲ့အခါ ကိုယ့်ရဟန်းက ကိုယ့်ကို မနာခံတော့တဲ့အခါ သံဃာ့အသိုင်းအဝိုင်းကို စွန့်လွှတ်သွားတဲ့အခါ ဟိုးဆယ်နှစ်တုန်းက (ရဟန်းသိက္ခာ)တင်ခဲ့တဲ့လက်အခုမှတုန်လို့လဲ မထူးတော့ဘူး။ အသင်းတော်မှာ ဘုန်းတော်ကြီးများနှင့် ပတ်သက်ပြီးတော့ အဲ့ဒါတွေ ရှိပါတယ်။ ကျမ်းစာထဲမှာဆိုတာ သင်သည် ထာဝရရဟန်းဖြစ်၏။ ယုံယုံကြည်ကြည်နဲ့ တင်မြောက်တာပဲ ထာဝရမဖြစ်တာ တဒင်္ဂဖြစ်တာကတော့ တစ်ဦးစီပေါ်မှာပဲ မူတည်တာပေ့ါ။ တစ်ဦးစီရဲ့ သစ္စာတရားပေါ်မှာပဲ မူတည်တယ်။ အသင်းတော်မှာ အဲ့ဒီထာဝရ ရဟန်းဆိုတာကို သိပ်တန်ဖိုးထားတယ်။ ဘယ်လောက် ဆင်းရဲရဲ ဘယ်လောက်ပဲ ဒုက္ခရောက်နေပါစေ၊ တချို့ရဟန်းများဆိုရဟန်းနှင့် မတူအောင် ရုပ်ဘယ်လောက်ချောချောဒါပေမဲ့လည်း ထာဝရ ရဟန်းပါပဲ။” ဟု ဆရာတော်ကြီး ဘာစီးလီယို အားသိုက်က ရဟန်းတော်များအား မိန့်ကြားခဲ့သည်။

ချမ်းဇော်အောင်

(ကိုးကား-Pinky၊ J ရှန်း)

# တောင်နီသံလွင်တွင် ကက်သလစ်ခရစ်ယာန်ဘာသာဝင်များ၏ လုပ်ငန်းတော်များအကြောင်း အသိပေးရှင်းလင်းပြောကြားခြင်းနှင့် နှုတ်ကပတ်တော်ဝေမျှခြင်း



တောင်ကြီး ကက်သလစ်ဂိုဏ်းချုပ် သာသနာလုံးဆိုင်ရာ CA အဖွဲ့ချုပ်နှင့် တောင်ကြီး တိုက်နယ် CA အလုပ်အမှုဆောင်အဖွဲ့တို့ ပူးပေါင်းပြီး ကက်သလစ် ဘာသာဝင်များအား ကက်သလစ် ခရစ်ယာန်ဘာသာဝင်များ၏ လုပ်ငန်းတော်များ အကြောင်းကို ရှင်းလင်းအသိပေး ပြောကြားခြင်းနှင့် နှုတ်ကပါတ်တော် ဝေမျှခြင်းကို ဩဂုတ်လ ၁၈ ရက်က တောင်နီ သံလွင် ဘုရားရှိခိုးကျောင်း၌ ပြုလုပ်ခဲ့ပါသည်။

အဖွင့်ဆုတောင်း မေတ္တာကို အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးဒါဝိဒ်မှ ဆုတောင်းပေးပြီး ကျောင်းထိုင် ဘုန်းတော်ကြီး Fr. James Tin Htoo မှအဖွင့်အမှာစကား ပြောကြားသွားပါသည်။ ကက်သလစ် ခရစ်ယာန် ဘာသာဝင်များ၏ လုပ်ငန်းတော်များ အကြောင်းကို တိုက်နယ် အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ကိုရောဘတ်မှ ရှင်းလင်း ပြောကြားသွားပြီး အဖွဲ့ချုပ်အတွင်းရေးမှူး ဦးသောမတ်စ် က ဖြည့်စွက် ပြောကြားသွားပါသည်။

၎င်းနောက် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဂျိုးဇက်စိုင်းရှဲန်မှ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ခရစ်ယာန် အသက်တာအကြောင်း ဝေမျှခွန်အားပေးသွားပြီး အဖွဲ့ချုပ်မှ ဦးနိုက်အောင်က ကျမ်းပိုဒ် ဖတ်ရှုပေးခြင်းဖြင့် ပွဲပိုးသွားပါသည်။

အပိတ် ဆုတောင်း မေတ္တာကို ဦးသောမတ်စ် အောင်ကြည်မှ ဆုတောင်းပေးပြီး ကျောင်းထိုင်ဘုန်းတော်ကြီး ထံမှ ကောင်းကြီးမင်္ဂလာခံယူပါသည်။

ဦးဂျိုးဇက်စိုင်းရှဲန်



**ဆုတောင်း မေတ္တာ၌ ဘုရားရှင်ကို စကားပြောကြပါ**

သင်တို့ကိုမြင်တွေ့ရတာဟာ အင်မတန်မှကြည်နူးစရာ၊ ခွန်အားတက်စရာ ကောင်းလှပါတယ်။ ဘာကြောင့်လဲဆိုရင် သင်တို့က ကျွန်ုပ်တို့အတွက် "ဝမ်းမြောက်စရာသတင်းကောင်းတစ်ခု" ကိုဆောင်ယူလာပေးလို့ဖြစ်ပါတယ်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ၊စိန်မေရီ ကာသီဒြယ်၊ ရန်ကုန်။ ၃၀. ၇. ၂၀၁၇၊

# ရဟန်းဘဝရဲ့ ပျော်ရွှင်ခြင်း ခေါင်းစဉ်ဖြင့် မြန်မာကက်သလစ်သာသနာများမှ ရဟန်းတော် (၇၀) ပါးကို ၄ ရက်တာ သင်တန်းပေး

ရဟန်းဘဝရဲ့ ပျော်ရွှင်ခြင်း (Priestly joy - Renewal course for Priests) ခေါင်းစဉ်ဖြင့် ရဟန်းတော်များ ဝတ်စောင့်ပွဲကို ပုသိမ်ဂိုဏ်းအုပ်သာသနာ မရမ်းချောင်းတွင် ဩဂုတ်လ ၂၁ မှ ၂၄ ထိ ၄ ရက်တာ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံရှိ ကက်သလစ်သာသနာအသီးသီးမှ ရဟန်းတော် (၇၅) ပါး ပါဝင်တက်ရောက်ခဲ့ပါသည်။

ဝတ်စောင့်ပွဲခြင်း အခမ်းအနားကို ဖိလစ်ပိုင်နိုင်ငံ ဖိုကိုလာရီအဖွဲ့ (Work of Mary ) မှ စန်ကားလို့စ် သာသနာဆရာတော် Most Rev. Gerardo Alminaza. D.D. (Spirituality နှင့် ရောမမြို့. Collegio Filippino ကျောင်းမှ ဝိညာဉ် လမ်းညွှန် Rev. Fr. Andrew G. Recepcion, STD မှ ဦး ဆောင် ပို့ချကာ ခဲ့ကြသည်။

သင်တန်းတွင် ယနေ့ခေတ်တွင် ရဟန်းတစ်ပါးအတွက် စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲမှုဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ရေးအတွက် သံဓိဌာန်တခု လိုအပ်ပြီး အခြေအ နေကို သုံးသပ် ခြင်းသည် လုပ်ငန်းဆောင်တာအမျိုးမျိုးဖြင့် သိုးထိန်းတာဝန်ထမ်း ဆောင်လျှက် အချိန် ကုန်ဆုံးရသော ရဟန်းတစ်ပါး၏ ပုံရိပ်ကို ဖမ်းဆုတ်မိ စေကြောင်း ရဟန်းများစွာတို့သည် သိုးထိန်းတာဝန်ကို တက်ကြွစွာထမ်းဆောင် နေရာမှ ခေတ္တအားယူရန် ၊ စဉ်ဆက်မပြတ် သင်ယူ လေ့လာရန် အချိန် မရှိကြသောကြောင့် ယခုသင်တန်းသည် ရဟန်းဘဝ၏ ပျော်ရွှင်ခြင်းကို ရှာဖွေနိုင်ရန် ကူညီပေးခြင်း ဖြစ်ကြောင်း သင်းတန်းဦးဆောင်သူများက ရဟန်းတော်များကို ယခုသင်တန်းနှင့် ပတ်သက်၍ မိတ်ဆက်ပြောကြားခဲ့သည်။



ထို့အပြင် ဘာသာဝင်များသည် အတိတ် ကာလထက် ပို၍ ရဟန် းများအား အသင်းတော်၏ အခက်အခဲများ အထူးသဖြင့် ဆင်းရဲသားများအတွက် နားလည်နိုင် စွမ်းရှိသူများ၊ စေ့စပ်ဆွေးနွေးနိုင် သူများ၊ ပေါင်းစည်းပေးသူများ၊ ဘုရားရှင် နှင့် သူတို့ကိုယ်တိုင် တွေ့ကြုံခဲ့ရခြင်းကို ပြောဆိုသည့် သိုးထိန်းအစစ် အမှန်များ၊ ပျော်ရွှင်ခြင်းနှင့် စုံလင် ခြင်းကို ရောင် ပြန် ဟပ်စေလိုသူများအဖြစ် မြင်လိုကြကြောင်း ဆရာတော် ကြီး Most Rev. Gerardo Alminaza. D.D. ဆိုသည်။

ယခု သင်တန်းပေးခြင်း၏ ရည်ရွယ်ချက်များမှာ



၁) ရဟန်းများသည် ကိုယ်၊ စိတ် ၊ နလုံး သုံးပါးအား အနားယူနိုင်သည့် အခွင့်အသက်ပေးခြင်းဖြင့် သိုးထိန်းလုပ်ငန်းမှ ခေတ္တအနားယူနိုင်ရန်၊

၂) ပေါင်းစည်းခြင်း နည်းလမ်းဖြင့် သန့်ရှင်း မြင့်မြတ်သော လမ်းသို့ လျှောက် လှမ်းနိုင်ရေးအတွက် သာသနာဆိုင်ရာ ဝိညာဉ်အသက်တာကို ထောက်ရှုဆင်ခြင်ရန် ၊

၃) သိုးထိန်းခေါင်းဆောင် နှင့် သာသနာ ပြန့်ပွားရေးဆိုင်ရာ ဗဟုသုတများ ရစေရန် တို့ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ပါဝင် တက်ရောက်သူ ရဟန်းများသည် မိမိတို့၏ တစ်ဦးခြင်းနှင့် ရဟန်းဆိုင်ရာ အတွေ့အကြုံများနှင့် အတူ ဝိညာဉ်ရေးဆိုင်ရာ ၊ အသင်းတော် ဆိုင်ရာ ဓမ္မဗေဒနှင့် ရဟန်း ခေါင်းဆောင်မှုဆိုင်ရာ ခေါင်းစဉ်များကို ထောက်ရှုဆင်ခြင် ခဲ့ကြပါသည်။ သင်တန်းတက် ရောက်သူများ အနေဖြင့် အတူတကွ ဝတ်ပြုဆုတောင်းခြင်း၊ ဟောပြောပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ အပြန်အလှန် ဆွေးနွေးခြင်းများနှင့် အတွေ့အကြုံ ဝေမျှခြင်းများဖြင့် တက်ကြွစွာ ပါဝင်ခဲ့ကြပါသည် ။

သတင်း ႏ ပေးပို့သူ Pathein OSC

စာမျက်နှာ ၁၀ မှ

ပညာလက်ရာကြီး ဖြစ်ပေသည်။ ခရစ်တော်၏ အလောင်းတော်ကို ပတ်ခဲ့သည့် အထည်စဖြစ်သည်ဟု အဖြေမှန် ပေါ်ထွက်လာလျှင် ဤလူ့လောက သားများကို အနန္တမေတ္တာ တော်နှင့် ချစ်၍ လူ့ဘောင် ကယ်ချွတ်ရေးအတွက် ရက်စက် ကြမ်းကြုတ် လှသည့် ဒုက္ခစရိယာဖြင့် အသက်တော် စွန့်လှူကာ ရှင်ပြန် ထမြောက်ချိန်၌ ၎င်းအနန္တမေတ္တာတော်၏ ပုံတော်ကို အံ့သြဖွယ်ကောင်းစွာ ထင်ကျန်ရစ် စေခဲ့သော တန်းခိုးဣတ္ထိပ္ပတ်တော်ကို ကျွန်ုပ်တို့ အားလုံး ဦးညွှတ်ရှိခိုး ကျေးဇူးဥပါကာရ တင် ကြရမည်ပင်။

**အို့ဖွယ်ပိုတော်ရှိခိုးတော်ချော်**

ပန်းချီမသိ၊ စုတ်တံမထိ။
သွေးစွန်းသွေးကွက်၊ အလောင်းမှထွက်။
အမှောင်တိဂူ၊ အလင်းကိုယူ။
ရှင်စောဘုရား၊ သေမင်းကျော်လွှား။
ဘုန်းတော်ပိုင်ဆိုင်၊ သေခြင်းကိုနိုင်။
ရှင်ပြန်သခင်၊ အလင်းကိုဆင်။
ကဝိအကျော်၊ ရင်သပ်ရှုမော။
သိပ္ပံဗေဒ၊ ခရစ်တော်ကိုပြ။
ကာဗွန်ဆယ့်လေး၊ အများမေး။
အဖြေအမှန်၊ မထွက်တန်သေး။
အမှန်တရား၊ ရှင်ဘုရား
အလိုတော်ရ၊ အဖြေပေါ်က
ကမ္ဘာလူများ၊
သာဓုခေါ်စေသား။ ။ အာမင်။

ကိုးကားစာအုပ်ညွှန်း

( Sources/ References)


1.Time, October 24, 1989

2. Reader’s Digest, November 1989

3. The Shroud and the Controversy, c 1990 by Kenneth E. Stevenson and Gary R. Habermas

4. New City – vol.XXVIII, No.10, Newsbriefs, October 1993

5.SINDONE Un’immagine “Impossibile”, Emannela Marinelli, Famiglia Cristiana ň, 12 del 1 aprile 1998

6. Religion/ Reflections


မန္တလာစီ

# SIGNIS ASIA Assembly 2018

## "Fake News versus Media for Peace"

August 12-18, 2018 | Bangkok, Thailand

SIGNIS

Signis ဆိုသည်မှာ ကက်သလစ် အသင်းတော်၏ ဇဝ်ဂေလိ သတင်းဖြန့်ချီရေး လုပ်ငန်းများတွင် မီဒီယာကို တွယ်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်ကာ သာမန်ဘာသာဝင် များနှင့်ဖွဲ့စည်းထားသောအသင်းအဖွဲ့တစ်ခု ဖြစ်သည်။ ဌါနချုပ်မှာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ် မြို့တွင်ရှိပြီး ဒေသအလိုက် ရုံးခွဲများထားရှိကာ အသင်းတော်၏ သတင်းကောင်း ဟောပြောခြင်းများတွင် ပံ့ပိုးပေးလျက်ရှိသည်။

၁၉၂၈ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်စဉ်က (OCIC ရုပ်ရှင်၊ UNDA ရေဒီယိုနှင့် ရုပ်မြင်သံကြား) ဟူ၍ ကဏ္ဍများ ခွဲခြားလုပ်ဆောင်ခဲ့သော်လည်း ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကဏ္ဍနှစ် ရပ်လုံးကိုပေါင်းကာ SIGNIS အမည်ဖြင့် ဖွဲ့စည်းခဲ့သည်။

## သတင်းအမှားများ ဆန့်ကျင်ဘက်က ငြိမ်းချမ်းရေးအတွက် သတင်းပညာ

"အမှန်တရားသည် သင်တို့ကို လွတ်လပ်စေလိမ့်မည်" ဟူသော ခေါင်းစဉ်ဖြင့် သတင်းအမှားများနှင့် ငြိမ်းချမ်းရေးအတွက် သတင်းပညာအကြောင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ၂၀၁၈ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆက်သွယ်ရေးနေ့ အတွက် သဝဏ်လွှာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ထိုသဝဏ်လွှာတွင် သတင်းအတုများ ကြောင့် ဖြစ်လာသော ဆိုးကျိုးများ၊ သတင်းအတုကို ဖန်တီးသည့် လိမ်လည်နည်းများ အကြောင်း ပြောပြကာ သတင်းပညာဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတွင် တက်ကြွစွာ ပါဝင်နိုင်သည့် နည်းလမ်းများကို ထောက်ပြထားသည်။ (၂၀၁၈ ခု ဖွန်လ ထုတ် CBCM Herald အတွဲ (၃) အမှတ် (၅) တွင် သဝဏ်လွှာ အပြည့်အစုံကို ဖော်ပြထားပါသည်)။

ပုပ်ရဟန်းမင်းကြီး၏ လမ်းညွှန်ချက်ကို လိုက်နာကာ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အာရှတိုက်တဝှမ်းမှ ကက်သလစ် မီဒီယာ လုပ်ငန်းများအရေးနှင့် စပ်လျဉ်းသော ညီလာခံ (Signis Asia Assembly 2018) ကို ကျင်းပပြုလုပ်ခဲ့ကြသည်။ ဤညီလာခံတွင် အာရှတိုက် နိုင်ငံများတွင် ဖြစ်ပေါ်နေသော သတင်းအတုများကြောင့် နိုင်ငံရေး၊ လူမှုစီးပွါးရေး အပေါ် ရိုက်ခတ်မှုများကို တင်ပြ ဆွေးနွေးခဲ့ကြပြီး မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ဆိုသည့် နည်းလမ်းများကို ရှာဖွေခဲ့ကြသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ထောက်ပြထားသည့်အတိုင်း သတင်းအတုများသည် ပုံမှန်အားဖြင့် လူများ၏ စိတ်ခံစားမှုကို ပစ်မှတ်ထားကြသည်။ စိတ်ခံစားမှုသည် လှည့်ဖျားရန် အလွယ်ကူဆုံးအရာဖြစ်သည်။ ဒေါသစိတ်၊ မုန်းတီးစိတ်၊ နာကြည်းစိတ်များကို ဆွပေးကာ လွဲမှားသော အချက်အလက်များကို တစ်စိုက်မတ်မတ် ဖော်ပြခြင်းဖြင့် လှည့်စားသည်။ ထိုသတင်းအတုများက လူများ၏ နူးညံ့သောစိတ်ကို ထိခိုက်စေကာ တစ်ဆင့် ဖြန့်ဝေခြင်းများ၊ စိတ်ခံစားမှုကို အလိုက် အလျင်အမြန် တုန့်ပြန်လုပ်ဆောင်ခြင်းများကို ဖန်တီးသည်။

ထို့ကြောင့် သတင်းအမှားများသည် အမှန်ထက် ပြန့်ပွါးလွယ်သည်။ "သတင်းအမှန်က ရှူးဖိနပ်စီးနေတုန်းပဲ ရှိသေးတယ် အတင်းအမှားက ကမ္ဘာတခြမ်းကို ခရီးရောက်နေပါပြီ" ဟု ဆိုရိုးစကား ပင်ဖြစ်ပေါ်လာခဲ့သည်။ ပထမကမ္ဘာစစ် နှင့် ဒုတိယ ကမ္ဘာစစ်များတွင် ဤကဲ့သို့သော သတင်း အမှားများကို အသုံးပြုခဲ့ခြင်းဖြင့် စစ်ကို အရှိန်မြှင့်တင်ခဲ့ကြသည်။ နိုင်ငံတိုင်းတွင် သတင်းအမှားများကြောင့် ပဋိပက္ခများနှင့် ရင်ဆိုင်နေ ကြရသည်။ အရှေ့တောင်အာရှတွင် အင်ဒိုနီးရှား၊ မြန်မာနှင့် ဖိလစ်ပိုင်တို့တွင် အဆိုးရွားဆုံးဟုဆိုသည်။

သတင်းအမှားများသည် နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး အမြတ်ထုတ်လိုခြင်းကြောင့် ဖြစ်ပေါ်လာရသည်။ မိမိ၏ အကျိုးအမြတ်အတွက် တပါးသူ၏ နစ်နာမှုကို မျက်ကွယ်ပြုကာ စာနာစိတ်ကင်းစွာ လုပ်ဆောင်ခြင်း ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်မှုများသည် လှည့်စားမှုအပေါင်း၏ ဖခင်ဖြစ်သောနတ်ဆိုး၏ လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း ပုပ်ရန်းမင်းကြီးက သတိ ပေးထားသည်။ ထိုလှည့်စားခြင်းများအစား အမှန်တရားကို လက်ကိုင်ထားကြရန် ပုပ် ဖရန်စစ်က လမ်းညွှန်ထားသည်။ အမှန်တရားသည်သာ ကျွန်ုပ်တို့ကို လွတ်လပ်ခြင်းကို ပေးနိုင်စွမ်းသောကြောင့် ဖြစ်သည်။

ဆိုရှယ်မီဒီယာများ စတင်ပေါ်ပေါက်လာစဉ်က လူအများ ပျော်ရွှင်ကြသည်။ ဖန်တီးသူများကို ချီးကျူးကြသည်။ သို့သော် တဖြည်းဖြည်းနှင့် ထိုမီဒီယာဖြင့် အဖျက်အမှောင့် လုပ်ငန်းများ လုပ်လာကြသောကြောင့် အန္တရာယ်ဟု မြင်လာကြသည်။ အဘယ့်ကြောင့် ဆိုသော် ဆိုရှယ်မီဒီယာသည် အတင်းအမှားများအတွက် အလွန် အသုံးဝင်သော အရာ ဖြစ်လာနေသည်။ ဖေ့စ်ဘွတ်တွင် အကောင့်တုများ အကောင့်ပွါးများက အလွန်ရေပန်းစားနေသည်။ ၂၀၁၆ ခုနှစ် အမေရိကန် ရွေးကောက်ပွဲတွင် ပြိုင်ဘက်များအကြားထိုးနှက် တိုက်ခိုက်သည့် ထိုကဲ့သို့သော အကောင့် ၁၉ သန်းရှိ ခဲ့သည်ဟု သုတေသီများကဆိုသည်။



၂၀၁၈ ခု ဩဂုတ်လ ၁၂ မှ ၁၈ ရက် အထိ ကျင်းပပြုလုပ်သော SIGNIS အာရှ ညီလာခံတွင်ပါဝင် တက်ရောက်ကြသူများ

# ကမ္ဘာ့ ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်ခဲ့သူ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ကိုဖီအာနန်



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်သည် ဩဂုတ်လ ၁၈ ရက်က သာမန်ဖျားနာမှုတွင် ကွယ်လွန်ခဲ့သည်။

ငြိမ်းချမ်းရေး နိုဗယ်ဆုရှင်တစ်ဦးဖြစ်သော ကိုဖီအာနန် ကွယ်လွန်ချိန်တွင် ၎င်း၏ဇနီးဖြစ်သူ Nane၊ သားသမီးများဖြစ်သော Ama၊ Kojo နှင့် Nina တို့ အတူတကွရှိနေခဲ့သည်။ ကိုဖီအာနန်သည် တရားမျှတရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် သူ့ဘဝတစ်လျှောက်လုံး နှစ်မြှုပ်ဆောင်ရွက်ခဲ့သူဖြစ်သည်။

ကိုဖီအာနန်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ၁၉၉၇ နှစ်မှ ၂၀၀၆ နှစ်ကုန်ထိ ငါးနှစ်သက်တမ်းနှစ်ကြိမ်ဆက် ထမ်းဆောင်ခဲ့ပြီး ၎င်းသက်တမ်းအတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးများအတွက် ကမ္ဘာ့ကုလသမဂ္ဂကို ဦးဆောင်လမ်းညွှန်ခဲ့ခြင်းကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေး ခေါင်းဆောင်အဖြစ် ငြိမ်းချမ်းရေးနိုဗယ်ဆု ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည်။ သူသည် အာဖရိက လူမဲများထဲမှ ပထမဦးဆုံး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ်မှတ်တမ်းဝင်ခဲ့ပြီး ခေတ်သစ် သံတမန်အခန်းအကျင့်ဖြင့် ကုလသမဂ္ဂကို သူမတူအောင် ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့သည်။

ကမ္ဘာ့ကို ခြောက်ခြားစေခဲ့သော HIV/AIDs ရောဂါကူးဆက်ပြန့်နှံ့မှု၊ အီရတ် စစ်ပွဲ၊ ရာသီဥတုဖောက်ပြန်မှုများတွင် ၎င်းသည် အရေးကြီးသော အခန်းကဏ္ဍများ၌ ပါဝင်ခဲ့သည်။

## ကိုဖီအာနန်၏ ငယ်ဘဝ

အာဖရိကဒေသမှ Ghana နိုင်ငံသားတစ်ဦးဖြစ်သော ကိုဖီအာနန်ကို ၎င်း၏ညီအမဖြစ်သူနှင့်အတူ Kumasi မြို့တွင် ၁၉၃၈ ခုနှစ် ဧပြီလတွင် မွေးဖွားခဲ့သည်။ ၎င်း၏အဖိုးဖြစ်သူမှာ ရိုးရာယဉ်ကျေးမှုအရ ခေါင်းဆောင် တစ်ဦးဖြစ်ခဲ့ပြီး၊ ၎င်း၏ ဖခင်မှာ ဒေသဆိုင်ရာ အုပ်ချုပ်သူ တစ်ယောက်ဖြစ်ခဲ့ပြီး ထိုအချိန်က နိုင်ငံသည် အင်္ဂလိပ်အုပ်ချုပ်မှု လက်အောက်တွင် ရှိနေခဲ့သည်။ လွတ်လပ်ရေး ရပြီးချိန်တွင် တိုင်းပြည်၏အမည်ကို Ghana ဟု ခေါ်တွင်ခဲ့သည်။

ကိုဖီအာနန်သည် Ghanaနိုင်ငံမှ တက္ကသိုလ်ပညာရေး အပြီးတွင် အင်္ဂလန်နိုင်ငံ Macalester College သို့ဆက်လက်တက်ရောက် ပညာသင်ကြားခဲ့ပြီး ကုလသမဂ္ဂ၌ ပထဦးဆုံး အလုပ်ရခဲ့သည်။ World Health Organization (WHO) အဖွဲ့တွင် ဘဏ္ဍာရေးအရာရှိအဖြစ် နှစ်ပေါင်းလေးဆယ်ခန့် လုပ်ကိုင်ခဲ့သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်လက်အောက်မှ ငြိမ်းချမ်းရေးထိမ်းသိမ်းရေးခေါင်းဆောင်အဖြစ် ၁၉၉၃ ခုနှစ်တွင် ခန့်အပ်တာဝန်ပေးခံခဲ့ရသည်။



## ကိုဖီအာနန်ရင်ဆိုင်ခဲ့ရသော အဆိုးရွားဆုံးလူမျိုးစု ရှင်းလင်းမှုဖြစ်စဉ်များ

ငြိမ်းချမ်းရေးထိမ်းသိမ်းရေး အဖွဲ့ခေါင်းဆောင်အဖြစ် ၎င်းတာဝန်ယူပြီးနောက် ၁၉၉၄ ခုနှစ်တွင် အာဖရိက အရှေ့အလယ်ပိုင်းတွင် တုစီ (Tutsis) လူမျိုးစု ခန့်မှန်းခြေ (ရသိန်းခန့်)အား ပစ်မှတ်ထား သတ်ဖြတ်ခဲ့သော လူမျိုးစုရှင်းလင်းခံရမှု အရေးခင်းနှင့် ၁၉၉၅ ခုနှစ်တွင် ဘော့စနီးယား (Bosnia) ဒေသတွင် ဖြစ်ပွားခဲ့သော အစုအပြုံလိုက်လူသတ်မှုများနှင့် ကြုံတွေ့ခဲ့ရ၍ ကိုဖီအာနန် ဦးဆောင်သော ငြိမ်းချမ်းရေးထိမ်းသိမ်းရေး အဖွဲ့ပေါ်တွင် ပြဿနာများစုပြုံရောက်ရှိခဲ့သည်။ ထိုအရေးကိစ္စများနှင့် ပတ်သက်ပြီး "အဲ့အချိန်တွေတုန်းက ကျွန်တော် အကောင်းဆုံးလုပ်ခဲ့တယ်လို့ ယုံကြည်ပါတယ်" ဟု ၎င်းကိစ္စများအပြီး ၂၀၀၄ ခုနှစ်က ပြောကြားခဲ့သည်။

## ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန် (၁၉၉၇ ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ)

၎င်းအသက် ၅၉ နှစ်အရွယ် ၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် အဖြစ်ရွေးချယ်ခံခဲ့ရသည်။ ၎င်းတာဝန်ယူချိန်အတွင်း ရှုပ်ထွေးသော အရေးအခင်းအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရပြီး၊ စစ်ပွဲများ၊ ကပ်ရောဂါများ၊ ဆိုးရွားသောရာသီဥတုဖောက်ပြန်မှုများဖြေရှင်းခဲ့ရသည်။ ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရှုပ်ထွေးသော သဘောထား ကွဲလွဲမှုများကို ထိန်းသိမ်းဖြေရှင်းခဲ့ရသည်။ ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂဖွဲ့နှင့် အတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့သည် ငြိမ်းချမ်းရေးနိုဗယ်ဆု ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တာဝန်ပြီးဆုံးချိန်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခဲ့ပြီး ကိုဖီအာနန် ဖောင်ဒေးရှင်းကိုလည်း တည်ထောင်ခဲ့သည်။ အာဖရိက ဖွံ့ဖြိုးရေး၊ ပဋိပက္ခဖြေစေ့စပ်ညှိနှိုင်းဖြေရှင်းမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ဗဟိုအာဖရိက ဖွံ့ဖြိုးရေးအဖွဲ့ (Africa Progress Panel) ၏ ဥက္ကဋ္ဌနှင့် Alliance for a Green Revolution in Africa (AGRA) အဖွဲ့ကိုလည်း ဦးဆောင်ပေးခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်း ကလည်း နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ မေတ္တာရပ်ခံခဲ့မှုကြောင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ကိုဖီအာနန်ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် ရခိုင်ပဋိပက္ခအခြေအနေများကို တစ်နှစ်ကျော်ကြာလေ့လာခဲ့ပြီး အစိုးရအား ရခိုင်ဒေသ ငြိမ်းချမ်းရေး အကြံပြုချက်များ ပါဝင်သော အစီရင်ခံစာအား ပေးအပ်၍ အကြံပေးကော်မရှင်၏ လုပ်ငန်းတာဝန်များကို အပြီးတိုင် တာဝန်ထမ်းဆောင်နိုင်ခဲ့သည်။

ကမ္ဘာ့ ငြိမ်းချမ်းရေး၊ မျှတရေးကို ထိန်းသိမ်းခဲ့သူ၊ ကမ္ဘာ့လူထုပေါ်တွင် ခြိမ်းခြောက်ခဲ့သော ရောဂါများ၊ ပဋိပက္ခများ၊ ရာသီဥတု ဖောက်ပြန်မှုများကို ထိန်းသိမ်းဖြေရှင်းပေးခဲ့သူ ကမ္ဘာမြေကို ကောင်းကျိုးပြုခဲ့သူ၊ ကမ္ဘာမြေကို အကောင်းဆုံး ဦးဆောင်ဦးရွက်ပြုခဲ့သူ ကိုဖီအာနန်ကို ကမ္ဘာ့လူသူများက အစဉ် သတိတရရှိနေကြဦးမည်သာဖြစ်သည်။

ချမ်းဇော်အောင်

(ကိုးကား - BBC, BIOGRAPHY OF KOFI ANNAN)

---

ပုပ်ရဟန်းမင်းကြီး၏ လမ်းညွှန်ချက်အတိုင်း အာရှကက်သလစ်မီဒီယာ ညီလာခံမှ သတင်းအမှားများအား တုန့်ပြန်နေခြင်းထက် အသင်းတော်သည် လူသားချင်းရင်းနှီးစွာနေထိုင်ခြင်း၊ မီဒီယာတွင် အများအကျိုးဖြစ်စေမည့် သတင်းအမှန်များ၊ သတင်းကောင်းများ၊ လူများအား ချစ်ခြင်းမေတ္တာပွါးများစေမည့် ဖြစ်စဉ်များ စသည်တို့ကို ထုတ်ဝေရန်ဆုံးဖြတ်ခဲ့ကြသည်။ သတင်းအမှားများသည် နည်းပညာနှင့် လူသားများကို အသုံးချသကဲ့သို့ ကျွန်ုပ်တို့သည်လည်း နည်းပညာကို အသုံးပြုကာ လူသားများအား မီဒီယာ ပညာပေးခြင်းများကို တတ်စွမ်းသမျှလုပ်ဆောင်ကြရမည်။ သတင်းတစ်ခုကို အရင်းအမြစ်အထိ လိုက်တတ်ရန်၊ ဆင်ခြင်သုံးသပ်နိုင်ရန် နည်းလမ်းများသင်ကြားပေးကြရပေမည်။ အမှန်တရားကို လက်ကိုင်ထားခြင်းဖြင့် ငြိမ်းချမ်းသော လူမှုအဖွဲ့အစည်းကို ဖော်ဆောင်နိုင်ရန် မြန်မာပြည်ကက်သလစ် အသင်းတော်အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်စရာ များစွာ ရှိနေပါသေးသည်။ ဘာသာဝင်များ အထူးသဖြင့် လူငယ်များ၏အားကို ရယူကာ ငြိမ်းချမ်းရေး ဖော်ဆောင်သော မီဒီယာ ယဉ်ကျေးမှု တည်ဆောက်ရန် ကြိုးစားရပါဦးမည်။

CBCM OSC

# မြန်မာနိုင်ငံ ဒေသအသီးသီးတွင် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်တွင် မြန်မာကက်သလစ်အသင်းတော်မှ အရေးအပေါ်အကူအညီများ ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပေးအပ်ခဲ့

ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လများက မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

ထိုရေကြီးရေလျှံမှုဖြစ်စဉ်တွင် မြန်မာကက်သလစ်အသင်းတော်၏ ဂရုဏာအသင်း (KMSS)မှ ရေကြီးရေလျှံမှုဖြစ်ပေါ်ရာဒေသအသီးသီးသို့ အရေးပေါ်ကယ်ဆယ်ရေး အထောက်အပံ့များ ပေးအပ်ဖြန့်ဖြူးခဲ့သည်။

"ဒီဒေသဘက်က ရေကြီးတဲ့နေရာတွေမှာ ဆန်အိတ် ၁၀၀ ပေးအပ်ထားပါတယ်" ဟု ဘားအံ ဂရုဏာဒါရိုက်တာ ဘုန်းတော်ကြီး fr. Paul Thar San ပြောသည်။

အရှေ့တောင် မော်လမြိုင်ဒေသ၏ ကရုဏာဒါရိုက်တာ ဘုန်းတော်ကြီးဖြစ်သူ Fr. Hubert Myo Thant Oo ကလည်း ၄င်းတို့အနေဖြင့် ရေကြီးရေလျှံမှု ဆိုးဆိုးရွားရွားဖြစ်ပေါ်နေတဲ့ ပုလောမြို့နယ်က ရွာ(၅)ရွာသို့ ဆန်အိတ် ၂၃၂ အိတ် ဖြန့်ဝေထားကြောင်း ပြောသည်။



ရေကြီးရေလျှံမှုဖြစ်ပွားရာ ကရင်ပြည်နယ်အရှေ့ပိုင်း၊ ပဲခူးနှင့် တနင်္သာရီဒေသများတွင် ကယ်ဆယ်ရေးအထောက်ပံ့များ ပေးအပ်ခဲ့ကြောင်း Karuna Myanmar Social Solidarity (KMSS) က ပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လမှ စတင်၍ မြန်မာနိုင်ငံဒေသ အနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ဩဂုတ်လ ၂၀ ရက်ကလည်း တနင်္သာရီမြစ်ရေ မြင့်တက်လာပြီး တာကျိုးပေါက်နိုင်သည့် အန္တရာယ်ကြောင့် ရေထိန်းတံခါးဖွင့်ချခဲ့ရပြီး တနင်္သာရီမြို့ ရပ်ကွက်တစ်ချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျှက်ရှိသည်။

နိုင်ငံအနှံ့ ရေကြီးရေလျှံမှုများနှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ဒေသများ အမြန်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ပြီးခဲ့သည့် ဩဂုတ်လ (၁၉)ရက် သွားရောက်ကြည့်ရှုခဲ့ရာတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော လယ်ယာမြေများ၊ စိုက်ပျိုးသီးနှံများ၊ လမ်းတံတားများနှင့် အခြေခံအဆောက်အဦများ အမြန်ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို ညှိနှိုင်းခဲ့ပြီး ဌာနဆိုင်ရာအသီးသီးက ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် မှာကြားခဲ့သည်။

ချမ်းဇော်အောင်

(ကိုးကား-Ucanews.com)



ဆလေးရှင်း sister များမှ ရေဘေးသင့် ဒေသများဆီသို့ အစားအစာများ သွားရောက် လှူဒါန်းရန်အတွက် ဘားအံဘော်ဒါ မှ sister များနှင့် ဘော်ဒါကျောင်းသား/ ကျောင်းသူများမှ ဝိုင်းဝန်းကူညီပြင်ဆင်နေကြစဉ်




ရေဘေးသင့်သူများ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးအတွက် ဖားအံသာသနာမှ ငွေသားနှင့်အတူ စားနပ်ရိက္ခာများကိုလည်း လှူဒါန်းခဲ့သလို ဒုက္ခအခက်အခဲ ဖြစ်သူများ နားခိုနိုင်ရန် နေရာများလည်း စီစဉ်ပေးခဲ့သည်။

# ဟားခါးတွင်ကျင်းပသော မိဘများပွဲ

လူငယ်မောင်မယ်များမှ ဦးဆောင်၍ (St. Joachim & St. Anna ပွဲနေ့) မိဘများပွဲကို ဇူလိုင်လ ၂၉ ရက် တွင် ဟားခါးမြို့ St.Joseph Cathedral ဘုရားကျောင်းဝန်းရှိ Fr. Roy Hall ခန်းမ၌ ခမ်းနားစွာကျင်းပခဲ့သည်။

မိဘများပွဲ အခမ်းအနားသို့ဟားခါးသာသနာ ဆရာတော်ကြီး Lucius Hre Kung၊ St. Joseph Cathedral ကျောင်းထိုင်ဘုန်းတော်ကြီး Fr. John Om Se နှင့် ဘုန်းတော်ကြီးများ၊ ဟားခါး St. Joseph သီလရှင်ကျောင်းမှ စစ္စတာရ်ကြီး Paulina နှင့်သီလရှင်များဘော်ဒါကျောင်းသူကျောင်းသားများ၊ St. Charbel နှင့် St. Velentine ဘုရားရှိခိုးကျောင်းမှ ယုံကြည်သူ ကက်သလစ်ဘာသာဝင်များ၊ လေ့လာသူများ စုစုပေါင်း(၆၀၀)ကျော်ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

မိဘများ ပွဲနေ့တွင် သေလွန်ပြီးသော မိဘများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးမိဘများ၊ သားသမီးများအတွက် ဆရာတော်ကြီး ဦးဆောင်ကာ ဘုန်းတော်ကြီး (၆) ပါးတို့နှင့် အတူ မစ္ဆားပူဇော်ပေးခြင်းအားဖြင့် ကောင်းချီးမင်္ဂလာတောင်းဆုပြုပေးခဲ့ကြပါသည်။၄င်းမစ္ဆားပူဇော်ခြင်းအခမ်းအနားတွင် သာသာတူများ စုစုပေါင်း (၈၀၀) ကျော် ပါဝင် ဆုတောင်းခဲ့ကြသည်။ မစ္ဆားတရားအပြီးတွင် သက်ကြီးရွယ်အိုများအား လက်ဆောင် ပစ္စည်းများအား ဆက်ကပ်ဂါဝရပြုခဲ့သည်။ ဂါဝရပြုပြီးနောက် ဟားခါးသာနာ ဆရာတော်ကြီး Lucius Hre Kung က "ယနေ့ဟာ မိဘများထံမှ စီးဆင်းလာတဲ့ ကောင်းချီးမင်္ဂလာအဖြာဖြာကို ရယူရမည့် နေ့ထူးနေ့မြတ်ဖြစ်ပါတယ်၊ တရားဟောတယ်ဆိုရာ၌ ဘုရားလူမျိုးတော်မှ ဆင်းသက် ကျင့်သုံးလာတဲ့ ထုံးတမ်းစဉ်လာကောင်းများကို လက်ဆင့်ကမ်းခြင်းဖြစ်တယ်၊ ထို့သို့ လက်ဆင့်ကမ်းရန် ဘုရားသခင်က မိဘတွေကို အသုံးပြုသလို သားသားမီးမီးတို့လဲ မိဘတွေရေးခဲ့တဲ့ သမိုင်း၊ ကြဲခဲ့တဲ့မျိုးစေ့များကို ရှင်သန်လာအောင် ကြည့်ရှု စောင့်ရှောက်ရင်း မိဘများရဲ့ ကောင်းချီးမင်္ဂလာကို ခံယူရမှာ ဖြစ်ပါတယ်" ဟု မိန့်ကြားခဲ့ပါသည်။ အခမ်းအနားတွင် လူငယ်လေးများမှ ကပြဖျော်ဖြေသော အစီအစဉ်များလည်း ပါဝင်ခဲ့ပါသည်။

အခမ်းအနားများအပြီးတွင် တက်ရောက် သူအားလုံးကို လူငယ်မောင်မယ်လေးများမှ နေ့လည်စာဖြင့် ဧည့်ခံခဲ့ပါသည်။ ထို့သို့ ဧည့်ခံကျွေးမွေးနိုင်ရန် လူငယ်မောင်မယ်များနှင့် ဘုန်းတော်ကြီးများသည် ဘာသာတူအိမ်များသို့ လိုက်လံဆုတောင်းပေးခဲ့ကြရာ ဘာသာတူများက မိဘများ၏ ကောင်းချီးမင်္ဂလာ အဖြာဖြာကို မျှော်ကိုးလျက် ပေးကမ်းစွန့်ကြဲခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အလားတူ ဟားခါးမြို့ ကျောဘုတ် Semi Parish ယေရှုးရွှေနှလုံးတော် ဘုရားကျောင်းတွင်လည်း မိဘများပွဲနေ့ကို ကျင်းပခဲ့ကြရာ ဘာသာတူများ၊ St. Pio's မိုင်နာကျောင်းသားများ၊ St. Michael ဘော်ဒါကျောင်း မှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ၊ လေ့လာသူများ စုစုပေါင်း (၂၀၀) ကျော်ပါဝင်ကြောင်း သိရှိရပါသည်။

Norbert Kyaw Ling (OSC- RVA Hakha)

# ဘားအံဂိုဏ်းအုပ်သာသနာ၊ စိန်ဖရန်စစ်ဇေးဗီးယား ကာသီဒြယ်တွင် ဆရာတော်ကြီးဦးဆောင်၍ မိဘများပွဲနေ့ ကျင်းပခြင်း



ဘားအံဂိုဏ်းအုပ်သာသနာ၊ စိန်ဖရန်စစ်ဇေးဗီးယား ကာသီဒြယ်တွင် မိဘများပွဲနေ့ အခမ်းနားကို ဇူလိုင်လ ၂၉ ရက် တနင်္ဂနွေနေ့တွင် ကျင်းပခဲ့သည်။

မဘာများပွဲနေ့ မစ္ဆားတရားတော်မြတ်ကို ဆရာတော်ကြီး ဂျက်စတင်းစောမင်းသိုက်မှဦးဆောင်ပြီး ရဟန်းများနှင့်အတူ တကွ ပူဇော်ခဲ့သည်။ အဖဆရာတော် ဂျက်စတင်းစောမင်းသိုက်မှ ဩဝါဒစကား မြွက်ကြားရာတွင် မိဘများပွဲနေ့တွင် အသက်ရှင်လျက်ရှိသောမိဘ၊ ဆရာသမားများနှင့် အကြီးအကဲများ၊ သေဆုံးသွားသော မိဘ ဆရာသမားများနှင့် အကြီးအကဲများ အားလုံးအတွက် သတိရ ဆုတောင်းပေးရန်နှင့် အထူးသဖြင့် သားသမီးလေးများအနေဖြင့် မိဘကို ကျေးဇူးသိတတ်ရန် မှာကြားခဲ့သည်။

"ဓမ္မဟောင်းကျမ်းစာတွင် မိဘကိုရိုသေသောသူ၊ ချစ်ခင်သောသူများသည် အသက်ရှည်မည်၊ ဘုရားကောင်းကြီး ခံစားရမည်၊ ပျော်ရွှင်တဲ့ ဘဝကိုလည်း ရရှိမည် ဖြစ်ကြောင်းလည်း ဆုံးမခဲ့သည်။ ထို အတွက်ကြောင့် မိဘတွေကိုချစ်ပါ၊ မိဘတွေကိုကျေးဇူးတင်ကြပါ" ဟု ဆရာတော်ကြီးက ၎င်း၏ ဩဝါဒတွင် မိန့်ကြားခဲ့သည်။

ထို့အပြင်ဆရာတော်ကြီးက မိဘများကိုလည်း သားသမီးများကို စည်းကမ်းနှင့်ချစ်ရမည် ဖြစ်ကြောင်း၊ ထိုချစ်ခြင်းမှာလည်း နည်းလမ်းမှန်ရမည် ဖြစ်ကြောင်း "သိပ်ချစ်ပြီး သိပ်နှစ်ရင် စိတ်ညစ်ရမယ်။ စည်းကမ်းဟာ မေတ္တာတရားနဲ့ လွှမ်းခြုံထားတဲ့ စည်းကမ်း ဖြစ်ရမယ်။ စာတတ်အောင်လည်း သင်ပေးရမယ်၊ ပညာတတ်အောင်လည်း သင်ပေးရမယ်။" ဟု မိဘများကို မှာကြားခဲ့သည်။

ထို့နောက် မိဘများနှင့် သားသမီးများ စည်းလုံး ချစ်ခင်ကြရန် လိုကြောင်း၊ မိသားစု မစည်းလုံးလျှင် မီးလုံးများကဲ့သို့ ပူမည် ဖြစ်ကြောင်းနှင့် တစ်ဦးပေါ် တစ်ဦး အမြဲ ဆုတောင်းပေးကြရန်လည်း ဆရာတော်ကြီး ဂျက်စတင်း စောမင်းသိုက်က ဘာသာဝင်များအား ၎င်း၏ဩဝါဒတွင် မှာကြားခဲ့သည်။

မစ္ဆားတရားတော်မြတ် အပြီးတွင် ဘာသာတူများနှင့် ဒေ့သည်တော်များအား နေ့ခင်းစာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ပြီး မိဘများပွဲနေ့အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ သက်ကြီးရွယ်အို မိဘများကို ဂုဏ်ပြုနှုတ်ဆက်လက်ဆောင်များပေးခြင်း၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်ခြင်းများ ပါဝင်ခဲ့သည်။ ၎င်းဂုဏ်ပြုပွဲ အခမ်းအနားတွင် ဆရာတော်ကြီးက "မိဘမသေခင် ပင်ပင်ပန်းပန်း ပြုစုလုပ်ကျွေးခြင်းကြောင့် ကျလာတဲ့ ချွေးပေါက်တွေဟာ၊ မိဘသေမှ ကျလာတဲ့ မျက်ရည်စက်ပေါင်းများစွာထက် အလွန်တန်ဖိုးရှိပေသည်။ အလုပ်လုပ်လို့ အဖေသေမှာ မကြောက်ဘူး၊ အဖေ့ သားသမီးတွေ ငတ်လို့ သေသွားမှာပဲ အဖေကြောက်တယ်" ဟု ဘာသာဝင်များအား အမိ၊ အဖတို့အား ပြုစုစောင့်ရှောက်ကြရန် မိန့်မှာခဲ့သည်။

# ဘောကထာအောက်ရွာ၏ မိဘများပွဲနေ့



တောင်ငူသာသနာ၊ လေဒူခေါင် တိုက်နယ်၊ ဘောကထာ အောက်ရွာတွင် မိဘများအတွက် ဂုဏ်ပြုနှုတ်ဆက်ပွဲကို ဇူလိုင်လ ၂၉ ရက်က ကျင်းပပြုလုပ်ခဲ့ပါ သည်။

မစ္ဆားတရားတော်မြတ်ကို လက်ထောက်ဘုန်းတော်ကြီး ဆေဗာစတီယန် တင်ဝင်းလင်းမှ ဦးဆောင်ပေးခဲ့ပြီး ကျေး ရွာရှိ လူငယ်မောင်မယ်များ ပါဝင်တက် ရောက်ခဲ့ကြပြီး မိဘများအတွက် ဆု တောင်းပေးခဲ့ကြသည်။

မစ္ဆားတရားတော် မြတ်အပြီးတွင် ကျေးရွာရှိ သက်ကြီးမိဘ များအား ၎င်းတို့၏ သား၊ သမီးများနှင့် လူငယ်မောင်မယ်များမှ ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

Rev. Fr. S. တင်ဝင်းလင်း

# လိပ်သိုမြို့ နှင့် အုတ်ဖို သာသနာအုပ်စုတွင် မိဘများပွဲနေ့အထိမ်းအမှတ် မိဘများ (၃)ရက်တာ ဝတ်စောင့်ခဲ့ပြီး မိဘများကို ဂုဏ်ပြုနှုတ်ဆက်



တောင်ငူ ဂိုဏ်းအုပ်သာသနာ၊ လိပ်သိုမြို့နှင့် အုတ်ဖို သာသနာအုပ်စုရှိ မိဘများ ဝတ်စောင့်ခြင်းကို ဇူလိုင်လ ၂၇ ရက်မှ ၂၉ ရက်အထိ (၃) ရက်တာ ကျင်းပခဲ့သည်။

မိဘများ၏ ဝတ်စောင့်ခြင်းတွင် မိခင်အားနာ အသင်း၊ စိန်ဂျော်ကင်း ဖခင်အသင်းနှင့် မိဘများအားလုံး ပါဝင်ခဲ့ကြပြီး ကျောင်းထိုင် ဘုန်းတော်ကြီး Rev. Fr. Daniel အခိုးနှင့် အတူ Rev. Fr. Basilio အောင်ခင်စိုး၊ Rev. Fr. နိုဝယ်လ် ကျော်စိန်ဝင်းတို့မှ တရားရေအေး တိုက်ကျွေးပေးပြီး မာသာရ် ဘက်နဲဒက် ပေးပေ၊ Sr. B. မြတ်နှင်းနွယ် တို့မှ သမ္မာကျမ်းစာ ပလ္လင်တင်ခြင်း၊ ဝေမျှခြင်း၊ ဆုတောင်းခြင်းနှင့် သွန်သင်ချက်များဝေမျှပေးခဲ့ကြပါသည်။ ဝတ်စောင့်ခြင်းအပြီး နောက်ဆုံးနေ့ ၂၉ ရက် မစ္ဆားအပြီးတွင် မိဘများအတွက် ဂုဏ်ပြု နှုတ်ဆက်ခြင်း အစီအစဉ်ကို ဆက်လက် ကျင်းပပေးခဲ့ကြသည်။ ဝတ်စောင့်ခြင်းတွင် မိဘ(၇၆) ဦးပါဝင်ခဲ့ပြီး မိဘများဂုဏ်ပြုနှုတ်ဆက်ပွဲအပြီးတွင် ပါဝင်သူ ၆၀၀ ခန့်ရှိခဲ့သည်။

ဒက်ဖူးမယ်(I.S.R)

# စိန်ထရေဇား သီလရှင်လေးများအား သင်တန်းပို့ချပေး



ကလေးကက်သလစ်ဂိုဏ်းအုပ်ဆရာတော်ကြီး ဖဲလစ်သည် စိန်ထရေဇား လမ်းစဉ်သွယ် သီလရှင်ဂိုဏ်း (Junier Course) ဟု ခေါ်သော တစ်သက် သစ္စာမခံရသေးသော သီလရှင်များအဖွဲ့၏ On Going Formation သင်တန်းတွင် အဖွင့်အမှာစကား မြွက်ကြားပေးခဲ့သည်။

စိန်ထရေဇား လမ်းစဉ်သွယ် သီလရှင်ဂိုဏ်းများကို ကလေးသာသနာမှ နွေးထွေးစွာ ကြိုဆိုကြောင်း ဆရာတော်ကြီးက ဦးစွာ ပြောကြားခဲ့သည်။ ထို့နောက် ဆရာတော်ကြီးသည် သီလရှင်များအား စိန်ထရေဇားကဲ့သို့ သာသနာပြုစိတ်ဓာတ် ထာရှိရန်၊ စိ န် ထ ေ ရ ဇား ၏ အ ကျ င့် ပါ ရ မီ များ ကို အတုယူရန်၊ ဘုရားသခင် နှင့် ပေါင်းစပ်ပြီး မိမိတို့ အချင်းချင်း၌လည်း ဆက်ဆံရေး ပို၍ ကောင်းမွန်လာအောင်ကြိုးစားရန်နှင့် မိမိတို့ တာဝန်ကျနေတဲ့ နေရာဒေသ၏ အခြေအနေများကို ကောင်းမွန်စွာနားလည်ပြီး ဘာသာတူများနှင့် ဆက်ဆံရတဲ့အချိန်တွင်လည်း ဘာသာဝင်များအတွက် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း ပေနိုင်သော စံပြသာသနာပြု သူတော်စဉ်များ ဖြစ်ရန် ကြိုးစားကြရန် ဆရာတော်ကြီးက စိန်ထရေဇား သီလရှင်များကို အားပေးပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် Fr. Damian Zam Sian Dal မှ (Holy Spirit) အသင်းတော်အတွင်း သန့်ရှင်းသောဝိညာဉ်တော်၏ အခန်းကဏ္ဍများ၊ Fr. John Lian Cin Pau မှ (Missiology) သာသနာပြု လုပ်ငန်းများ အကြောင်း နှင့် Fr. John Pau Sian Thang မှ (Moral Theology) ကိုယ်ကျင့်တရား အကြောင်းများကို သင်ကြားပေးခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စိန်ထရေဇား သီလရှင်များသည် ကလေးသာသနာကြီး၏ Pastoral Centre တွင်လွတ်လပ်စွာ သင်တန်းပြုလုပ်ခွင့် ရရှိထားတဲ့အပြင် သင်တန်းအတွင်း စားစရိတ်များကို သာသနာမှ ပံ့ပိုးကူညီပေးတဲ့အတွက် အလွန်ပင် ကျေးဇူးတင်ကြောင်း သင်တန်းပို့ချပေးသော ဘုန်းတော်ကြီးများကြောင့် ခွန်အားများစွာ ရရှိပြီး ဝမ်းသာပီတိ ဖြစ်နေကြကြောင်း စိန်ထရေဇား သီလရှင်များက ဆိုသည်။

ကျောက်မဟာ

# စည်းလုံးခြင်းကို ဖော်ဆောင်သော အာခါရိုးရာဒါန်းစီးပွဲတော်

ဩဂုတ်လ ရောက်ပြီဆိုလျှင် ကက်သလစ် သာသနာအနေဖြင့် အမိမယ်တော် ကောင်းကင်ဘုံ ပင့်ဆောင်ခံသောပွဲကိုကျင်းပရန် ဆိုင်းပြင်းကြသည်။

ထို့အတူ အာခါလူမျိုး ကက်သလစ်ဘာသာဝင် များလည်း အမိမယ်တော် ကောင်းကင်ဘုံ ပင့်ဆောင်ခံသောပွဲနှင့် အတူ အာခါရိုးရာ ဒါန်းစီးပွဲကိုလည်း ပူးတွဲကျင်းပကြသည်။ အမှန်မှာ ဒါန်း စီးပွဲ သည် အစ ပိုင်း၌ ဘာသာရေးနှင့်မနွယ်။ လူမျိုးစု၏ရိုးရာဓလေ့ သက် သက်သာဖြစ်ခဲ့ပါသည်။ သို့သော် သာသနာပြုများက ကက်သလစ်ဘာသာဝင်ဖြစ်လာသော အာခါလူမျိုးတို့၏ ရိုးရာကို ပြန်လည်သုံးသပ်ပြီး၊ လူမျိုးစုတို့၏ ကျင်းပရခြင်း၊ ကျင်းပပုံတို့သည် ကက်သလစ်သာ သနာအနေဖြင့် လက်မခံနိုင်စရာ အကြောင်းမရှိ၍ မပယ်၊ မဖျက်ဘဲ ဒါန်းစီးသည့်ပွဲကို ဆက် လက်ကျင်းပလာခဲ့ပါသည်။

## ဒါန်းစီးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ

စိုက်ပျိုးရရှိလာသောစပါး၊ကောက်ပဲ သီးနှံများအတွက် ကျေးဇူးတင်ရန်ဒါန်းစီးပွဲသည် ပျော်ပွဲသက်သက်သာမဟုတ်။ ဆိုခဲ့သည့်အတိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်းအတွက် လည်း အလွန်အကျိုးပြုသော ပညာပေး ရိုးရာပွဲတော်ဖြစ်သည်။ ထိုပညာပေးရိုးရာ ပွဲတော်သည် ဘာသာရေးနှင့်လည်း နွယ်ယှက်ပါသည်။ ဒါန်းစီးပွဲ၌ ရရှိလာသော သီးဦးသီးဖျားများ၊ ကောက်သစ်များကို သက်ကြီး ဝါကြီးများအား ဦးချဂါရဝပြုကြသည်။ ဘာသာရေးနှင့် နွယ်လာသောအခါ အတူတကွ စုစည်း၍ မစ္ဆားတရား ပူဇော်၍ သော်လည်းကောင်း၊ ဘုန်းတော်ကြီးများ မကြွရောက်နိုင်က ရွာခံဓမ္မအမှုတော်ဆောင်၏ ဦးဆောင်မှုဖြင့် ဆုတောင်းခြင်းအခမ်းအနားများ ကျင်းပကာ ကျေးဇူးတင်ကြသည်။

အဘယ်ကြောင့် ဆိုသော် ထွက်မြောက်ရာကျမ်း (၂၂း၂၉) တွင် 'အဦးမှည့်သောအသီး၊ အဦးညှစ်သော အရည်ကို မထိမ်မဝှက်ဘဲ ဆက်ကပ်ရမည်' ဟူ၍လည်းကောင်း၊ ထွက်မြောက်ကျမ်း (၂၃း၁၄) တွင် တစ်နှစ်အတွင်း ကျင်းပသော ထာဝရဘုရားသခင် သတ်မှတ်ထားသော အရေးကြီးလှသည့် ပွဲများမှာသုံး ပွဲသာရှိသည်။ ထိုသုံးပွဲထဲတွင် တဆေးမဲ့မုန့်ပွဲတော်၊ လူတို့လုပ်ကိုင်၍ရရှိသော လယ်ယာထွက် ကောက်ပဲသီးနှံရိတ် သိမ်းသော ပွဲတော်လည်း တစ်ပွဲပါဝင် ပါသည်။ အဘယ်ကြောင့် ဆိုသော် ထာဝရဘုရားသခင်က ငါ့ထံသို့ အဘယ်သူမျှလက်ချည်းသက် သက်ဖြင့်မလာရဟု ပညတ်ချက်ရှိသည်။ (ထွက်မြောက်ရာကျမ်း ၂၃း၁၅ခ) တစ်နည်းဆိုသော် ကျေးဇူးဆပ်တင်သည့် ပွဲတော်လည်းဖြစ်ပါသည်။ ကျေးဇူးတင်ခြင်း အမှုသည် လူမှုရေး၌ လည်းကောင်း၊ ဘာသာရေး၌ လည်းကောင်း အစဉ်ပြုလုပ်ရန် အားပေးတိုက် တွန်းသော အလွန် မွန်မြတ်သည့် ကျင့်ဝတ်တစ်ပါး ဖြစ်ပါသည်။



အာခါရိုးရာဒါန်းစီးနေသော သီလှရှင်တစ်ပါးနှင့် မိန်းကလေးငယ်များ (ဓာတ်ပုံ - CLE PIKE FB)

## စည်းလုံးခြင်း၏ပြယုဂ်

ဒါန်းဆင်ခြင်း ပွဲတော်ကျင်းပသည့်အခါ ဒါန်းကို ကိုယ်စီထောင်၍ စီးလေ့မရှိ။ ဒါန်းဆင်ရန်အတွက် တိုင်သုံးတိုင် လိုအပ်ပါသည်။ ထိုသုံးတိုင်ကို နှစ်စဉ်အသစ်ပြောင်းလဲ စိုက်ထူရပါသည်။ ထိုတိုင်သုံးတိုင်ကို အားလုံး၏ တစ်ယောက်တစ်လက် စိုက်ထုတ်သော လုပ်အားဖြင့် သွားရောက်ခုတ်လဲ၍သယ်လာရပါသည်။ သံမကူရ၊သဘာဝနွယ်ကြိုးများ ဖြင့်သာခိုင်ခန့်အောင် စိုက်ထူရပါသည်။ တွဲလောင်းချသော ကြိုးသည်လည်း ရှေးယခင်ကမူ တောမှနွယ်ကြိုးသက်သက်ဖြင့် ယှက်လုပ်သော ကြိုးကိုသာအသုံးပြုသည်။ သို့ သော် ယနေ့ခေတ်၌ ခိုင်ခန့်သော သဘာဝနွယ်ကြိုးများ ရရှိမှုနည်းပါးလာခြင်းကြောင့် အစားထိုး၍ အဆင်ပြေသော ကြိုးများကိုလည်း အသုံးပြုလာကြပါသည်။

## အမဲပေါ်ခြင်း

မည်သည့် ပွဲတော်ကိုမဆို ကျင်းပမည်ဆိုလျှင် ထုံးတမ်းစဉ်လာအရ၊ ဘာသာရေးအရ စောင့်စည်းရသော ဥပုသ်ကာလများရှိတတ်ပါသည်။ ထိုကာလ လွန်မြောက်သောအခါပွဲတော်ကို ခင်းကျင်း ကျင်းပကြပါသည်။ ထိုသို့ ကျင်းပသောအခါ အသားသည် မပါမပြီးပေ။ ထို့ကြောင့် အမဲပေါ်သည့် အစီအစဉ်လည်းပါသည်။ အမဲပေါ်ရာတွင်လည်း အလွန်စိတ်ဝင်စားစရာ ကောင်းသကဲ့သို့ ချစ်စရာလည်း ကောင်းလှပါသည်။ အဘယ် ကြောင့်ဆိုသော် ရှေးယခင်က အမဲများကို မကြာ မကြာပေါ်လေ့မရှိ။ ရက်ကြီး အခါကြီးမှသာ အမဲများပေါ်သည်။ အမဲဟုဆိုရာ၌ သားကောင်ကြီးကြီး ကိုဆိုလိုခြင်းဖြစ်ပါသည်။ အမဲပေါ်တော့မည်ဆိုလျှင် တစ်ရွာလုံး၌ အိမ်ခြေ အဘယ်မျှ ရှိသည်၊ တစ်အိမ်ထောင် အချိန်အဘယ်မျှ ယူမည်ကို စာရင်းကောက်၍ ဝေပုံကျ အသား၊ အရိုးမှသည် အတွင်းကလီစာ အထိ အညီအမျှ ခုတ်ထစ်ဝေပေးလေ့ရှိသည်။

## ခေါ်ပုတ်ထောင်းခြင်း

ခေါ်ပုတ် (ကောက်ညှင်းပြား) ထောင်းသည့် အလေ့အထသည် အခြားသော လူမျိုးများ၌လည်း ရှိကြပါသည်။ ခေါ်ပုတ်ထောင်းရသည့် ရည်ရွယ်ချက်များမှာ တူညီကောင်းတူညီမည် ဖြစ်သကဲ့သို့ ကွဲပြားကောင်းလည်း ကွဲပြားနိုင်ပါသည်။ ခေါ်ပုတ်ထောင်းရသည့် အကြောင်းအရင်းမှာ ကောက်ညှင်းသည် စီးသည်။ စီးသည့်အပြင် ထောင်းလိုက်သောအခါ အစေ့များပင် မပေါ်တော့ဘဲ လုံးသွားပါသည်။

အထက်ကဆိုခဲ့သော ဒါန်းတိုင်ဆင်ခြင်း၊ အမဲပေါ်ခြင်း၊ ခေါ်ပုတ် ထောင်းခြင်းစသော အမှုများအားလုံးသည် လူမျိုးစုတို့၏ စည်းလုံးခြင်းကို ပြသည့်အသိဖြင့် အစဉ်ဦးစားပေး လုပ်ဆောင်တတ်ရန် ရှေးလူကြီးများက အလုပ်အကိုင်များမှ ဖြစ်စေ၊ အစားအသောက်များမှ ဖြစ်စေ၊ ပွဲတော်များမှ ဖြစ်စေ သွန်သင်ပေးခဲ့သည့် အနှစ်သာရ ပေါ်ကြွယ်လှသော ပွဲတော်ပင်ဖြစ်ပါသည်။

Cele Pike

## ယခင်လတွင် ဖော်ပြခဲ့သော ကက်သလစ်သီလှရှင်လေးများ၏ ဘိုးဘွားရိပ်သာ မှ အဆက်

ကက်သလစ် သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာတွင် သီလရှင်လေးများသည် စေတနာ့ ဝန်ထမ်းများနှင့်အတူ ဘိုးဘွားများကို တစ်ကိုယ်ရေ သန့်ရှင်းပေးခြင်းများ၊ ဆေးပေးခြင်းများ၊ အညစ်အကြေးများ ကိုင်တွယ်ပေးခြင်း၊ အနာများသန့်စင်ပေးခြင်း အစရှိသော ကိစ္စကြီးငယ်များကို နေ့စဉ် လုပ်ဆောင်ပေးရသည်။ ရေမချိုးချင်သည့် ဘိုးဘွားများကို ချော့မော့ပြောဆို၍ ရေချိုးပေးရသည်။ ဘိုးဘွားများ အချင်းချင်း စကားများ ရန်ဖြစ်လျှင်လည်း ဆွဲရထိန်းရသည်။ နေမကောင်းပြန်ရင်လည်း ဆေးရုံပို့ ဆေးရုံစောင့်ရတတ်သည်။ ဘိုးဘွားများ၏ အဝတ်များကို လျှော်ဖွတ်ပေးရသည်။ ထိုကိစ္စအဝဝကို ကြီးကြပ်လမ်း ညွှန်ပေးနေသော ကက်သလစ်သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ တာဝန်ခံ စစ္စတာရ်ကြီး မေရီ ဂျိုစဖင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။




မေး။ ။ဒီမှာ ဘိုးဘွားတွေကို ပြုစုစောင့်ရှောက်တဲ့နေရာမှာ အဖွဲ့လိုက်၊ တစ်ယောက်ချင်းစီလိုက် လာကူညီတာတွေရှိလား။

ဖြေ။ ။ရှိပါတယ်။ တစ်ချို့နိုင်ငံခြားထွက်ချင်လို့ အတွေ့အကြုံလာရှာတာ။ တစ်ချို့လည်း ဆရာဝန်လည်းပါတယ်။ တစ်ချို့လည်း NGO တွေကပဲဖြစ်ဖြစ် လာပြီးအတွေ့အကြုံရှာလာပြီးကူညီတာတွေရှိတယ်။ တစ်ပတ်၊ နှစ်ပတ် ဒီက လူတွေနဲ့အတူတူ တံမြက်စည်းလှည်းပေးတယ်။ ကြမ်းတိုက်ပေးတယ်။ လူနာတွေ၊ ဘိုးဘွားတွေကြည့်ပေးတယ်။

မေး။ ။ ဘယ်လိုမျိုး စည်းကမ်းသတ်မှတ်ချက်တွေနဲ့ (လာရောက်ကူညီသူ၊ အဖွဲ့အစည်းများ)သူတို့ကို လက်ခံလဲ။

ဖြေ။ ။များသောအားဖြင့် သူတို့ကို တစ်ပတ် နှစ်ကြိမ် ဒါမှမဟုတ် သုံးကြိမ်လက်ခံတယ်။ အတိအကျ စည်းကမ်းအနေနဲ့ သတ်မှတ်မထားပါဘူး။ အခြေအနေပေါ်မူတည်ပြီး သူတို့လာလုပ်အားပေးရင် ကျွန်မတို့ ကူညီခိုင်းတယ်။

မေး။ ။ဒီအလုပ်မှာ လုပ်ကိုင်ပေးရတာ စစ္စတာတို့အနေနဲ့ပျော်လား။ အဆင်မပြေတာတွေရှိလား။

ဖြေ။ ။ ဒီအလုပ်ကို လုပ်ရတာ ကျွန်မအနေနဲ့ ပျော်တယ်။ ဘဝမှာ ဒီအလုပ်ကို လုပ်ရမယ်လို့ မမျှော်လင့်ခဲ့ဘူး။ သီလရှင်တစ်ပါးအဖြစ် ဘုရားကို ဆက်ကပ်ခဲ့တာ အခုဒီအလုပ်ကို လုပ်ရတော့ ဒီအလုပ်ဟာ ကျွန်မအတွက် ဘုရားသခင်ရဲ့ အလိုတော်ပဲလို့ ခံယူတယ်။ တစ်ချို့စစ္စတာရ်တွေလည်း အတော်လေး အနစ်နာခံတယ်။ အောက်ခြေအလုပ်တွေ အကုန်လုပ်ပေးရတယ်။ မစင်စွန့်ရင်လည်း စွန့်ပေးရတယ်။ သူတို့လည်း ပြောပါတယ်။ အစက ဒီအလုပ်ကို လုပ်နိုင်မယ်လို့ မထင်ဘူး ဒါပေမယ့် ဘုရားအလိုတော်ကြောင့်လားမသိဘူး သူတို့လုပ်နိုင်ကြတယ်။ အစပိုင်းမှာတော့ သိပ်မစားနိုင်ဘူး။ လုပ်ပေးရတာ ကိုင်ပေးရတာတွေနဲ့ ထမင်းသိပ်မစားနိုင်ကြဘူး။ အခုတော့ ဘာမှမဖြစ်တော့ဘူး။ အခုပဲ လူနာကိုင်တယ်။ အခုပဲ လူအသေကိုင်တယ်။ ဒါပေမယ့် အခုပဲစားတယ်။ အဆင်ပြေသွားပြီ ရိုးသွားကြပြီ။ သူတို့က ကျွန်မထက် ပိုလုပ်နိုင်တယ်။ ပိုပေးဆပ်ကြတယ်။



မေး။ ။ဘာသာဝင် ဘိုးဘွားတွေနဲ့ ပတ်သက်ပြီး သူတို့ရဲ့ ဝိညာဉ်ရေးဆိုင်ရာမှာ စစ္စတာရ်တို့အနေနဲ့ ဘယ်လို ကြီးကြပ်လမ်းညွှန်ပေးလဲ။

ဖြေ။ ။အိပ်ရာထဲလဲနေတဲ့ ဘိုးဘွားတွေကို အမြဲ ကိုယ်တော်မြတ်ပေးတယ်။ လာပြီး တရားဟောပြီး လာကြည့်ပေးတဲ့ ဘုန်းကြီးလည်းရှိပါတယ်။ အရေးပေါ်ဖြစ်ရင်လည်း ခေါ်လည်းရတယ်။ စိပ်ပုတီးလည်း တစ်ရက် ၃ ကုံး၊ ၄ကုံးလောက် စိပ်ကြတယ်။ ကျွန်မတို့က သူ(ဘိုးဘွားများ)ကို အဘိုးတို့အဘွားတို့ မစိပ်ရင်လည်းရတယ်နော်။ တစ်ရက်ကို တစ်ကြိမ် နှစ်ကြိမ်လောက် စိပ်ရင် ရတယ်ပြောတာတောင် သူတို့က အားနေတော့ စိပ်ပုတီးစိပ်နေကြတယ်။

မေး။ ။အခက်အခဲတွေက ဘာတွေရှိမလဲ။

ဖြေ။ ။အခက်အခဲလေးတွေတော့ ရှိပါတယ်။ ကြီးကြီးကျယ်ကျယ်တော့မဟုတ်ပါဘူး။ တစ်ခါတစ်လေ ဘိုးဘွားတွေရဲ့ ဆွေမျိုးတွေက ပြဿနာလေးတွေ လာလုပ်တာတော့ရှိတယ်။ ဆိုးဆိုးရွားရွား ပြဿနာတော့ ကျွန်မမတွေ့ဖူးသေးဘူး။ အစားအသောက် ပိုင်းမှာလည်း အခက်အခဲမရှိဘူး တစ်နေ့စာတစ်နေ့တော့ ဖူလုံပါတယ်။ ပိုလျှံတာမရှိရင်လည်း ဖူလုံတယ်။ တစ်ခါတစ်လေကြရင်တော့ ဘိုးဘွားတွေကို အရေးပေါ်ဆေးရုံပို့ပေးရတာတွေတော့ ရှိတယ်။ ဒီမှာ လူနာတွေလည်းရှိတယ်။ လူဖြတ်တဲ့သူ ပိုများတယ်။ ဒါပေမယ့်လည်း ခက်ခဲတယ်လို့တော့မရှိပါဘူး။

မေး။ ။ စစ္စတာရ် အနေနဲ့ ဒီကျောင်းမှာ တာဝန်ယူရတာ ဘယ်နနှစ်ရှိပြီလဲ။

ဖြေ။ ။ ၂ နှစ်ရှိပြီ။

မေး။ ။စစ္စတာရ် အနေနဲ့ ဒီအလုပ်တွေ လုပ်ကိုင်ပေးတဲ့ အခါမှာ ဝိညာဉ်ရေးပိုင်းဆိုင်ရာ၊ ခေါ်တော်မူခြင်းပိုင် ဆိုင်ရာမှာ ဘယ်လိုမျိုး အတွေ့အကြုံတွေရလဲ။

ဖြေ။ ။ပျော်တယ်လို့ ကျွန်မခံစားရတယ်။ တကယ်လည်း ပျော်တယ်။ ကျွန်မဘဝမှာ တော်တာ၊ တတ်တာ၊ ထူးချွန်တာ ဘာမှမရှိဘူး။ ဒါပေမယ့် ကျွန်မ ဒီမှာ ကိုင်တွယ်ရတယ်။ စီမံအုပ်ချုပ်ခွင့် ရတယ်ဆိုတာ ဘုရားသခင်က ကျွန်မကို အသုံးပြုတယ်လို့ ကျွန်မခံစားရတယ်။ ကိုင်တွယ် စီမံရတာ လွယ်တာတော့မလွယ်ဘူး။ အခက်အခဲတော့ ရှိပေမယ့်လို့ ကျွန်မ ကတော့ ရှည်ရှည်ဝေးဝေးမစဉ်းဘဲ တစ်ရက်တာကိုပဲ ဘယ်လိုအကောင်းဆုံးလုပ်မလဲ။ အချိန်တန်ရင် ဘုရားပေးမယ်လို့ အမြဲတမ်းလည်း ဆုတောင်းတယ်။ အကောင်းဆုံ လုပ်နိုင်ဖို့၊ အကောင်းဆုံးဖြေရှင်းနိုင်ဖို့ တွေ့တဲ့လူတွေနဲ့ အကောင်းဆုံး စကားပြောနိုင်ဖို့။ ဘုရားသခင် ကလည်း လုံလုံလောက်လောက်ပေးပါတယ်လို့ ကျွန်မခံစားရပါတယ်။ ပျော်လည်းပျော်ပါတယ်။

သကက်သလစ်သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ စတင်တည်ထောင်သည့် ခုနှစ်သည် Little Sisters of the Poor သီလရှင်များ ၄င်းတို့၏ဌာနချုပ်တည်ရှိရာ ပြင်သစ်နိုင်ငံမှ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ဆိုက်ရောက်ခဲ့သည့် ၁၈၉၈ ခုနှစ် ဖြစ်သည်။ ထို့ကြောင့် ဩဂုတ်လထုတ် The CBCM Herald ဂျာနယ်တွင် ဖော်ပြခဲ့သော “နှစ်ပေါင်း ၁၃၀ ပြည့်ခဲ့ပြီဖြစ်သော ကက်သလစ်သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ” အစား “နှစ်ပေါင်း ၁၂၀ ပြည့်ခဲ့ပြီ ဖြစ်သော ကက်သလစ်သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ” ဟု ပြင်ဆင် ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်းခံရသော မယ်တော်သခင်မပွဲ အထိမ်းအမှတ် ဘောလုံးပွဲကျင်းပ



ဩဂုတ်လ ၁၉ရက်၊ တနင်္ဂနွေနေ့ တွင် ကျရောက်သော ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်းခံရသော မယ်တော်သခင်မပွဲကိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့၊ စိန့်ဂျိုးဇက်တွင် စစ္စတာရ်ထရေးဇာဒွဲရာမှ ဦး ဆောင်ကာ သက်ထွေး ကလေးသူငယ်များ အတွက် ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

ယင်းပွဲတွင် သက်ထွေးများ အသင်းပေါင်း ၆ သင်း ပါဝင် ယှဉ်ပြိုင်ကစားခဲ့ရာ စိန့်လွီးစ်ဘော်ဒါသက်ထွေးကလေးများအသင်းမှ ဖလားကို အောင်နိုင်ရရှိခဲ့သည်။

ဘောလုံးပွဲတစ်ပွဲအပြီး အနားယူချိန်တွင် အမျိုးသမီး သက်ထွေးကလေးငယ်များမှ အကပဒေသာ (Action Song) များ ဖြင့်ဖျော်ဖြေတင်ဆက်ခဲ့သည်။

ကျိုင်းတုံလူထုဆက်သွယ်ရေးရုံး

# ရှင်သန်သော စိပ်ပုတီးအသင်း တည်ထောင်သူ ဓမ္မဆရာကြီး အင်တပ်ထိန်နန်နဲ့ အင်တာဗျူး တွေ့ဆုံခြင်း

ဂျူဘီလီရှင် ဓမ္မဆရာကြီး ဦးအင်တပ် ထိန်နန်မှာ ရှင်သန်သော စိပ်ပုတီးအသင်းအဖွဲ့ကို စစ္စသာရ် မာသာရ်ကြီး တစ်ပါးနဲ့အတူ ဦးဆောင်တည်ထောင်ခဲ့သူ ဖြစ်ပါတယ်။ ထိုအသင်း၌ အသင်းဝင် လူဦးရေ (၆၀၀) ဝန်းကျင် ရှိနေပြီး စီတာပူ ဘုန်းတော်ကြီးတပိုင် တိုက်နယ်နှင့် ဝိုင်းမော်ဘုန်းတော်ကြီး တိုက်နယ် ၂ ခု ပါဝင်ကြောင်း သိရပါတယ်။ ထို့အပြင် ဓမ္မဆရာကြီးက လက်ရှိ စီတာပူ - သူငယ်တော်ယေဖူး ဆရာ တိုက်နယ်၏ တာဝန်ခံ ဓမ္မဆရာကြီး လည်း ဖြစ်ပါတယ်။ ယခုလ စာဖတ်ပရိတ်သတ်များအတွက် ဆရာကြီးနဲ့ တွေ့ဆုံခြင်းကို အထူး တင်ဆက်ပေးလိုက်ရပါတယ်။

လူထု။ ။ မင်္ဂလာပါ ဆရာကြီးရှင့်။ ဦးစွာ ဆရာကြီးရဲ့ ဓမ္မအမှုတော်ဆောင်ခြင်း အကြောင်းနဲ့ စတင်ပြီး စာဖတ်ပရိတ်သတ်တွေကို မိတ်ဆက်ပေးပါအုံး။

ဖြေ။ ။ ဂျာနယ် အဖွဲ့သားတွေ အားလုံးကိုလည်း မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ လိုပါတယ်။ ဆရာက ၁၉၉၀ ခု နှစ်မှာ မြောင်းမြ ကျမ်းစာသင်ကျောင်းဆင်း ပြီးတော့ စီတာပူ စိန်ပတ်ထရိတ်မှာ စပြီး ဓမ္မအမှုဆောင်ခဲ့ပါတယ်။ နောက် စိန်ပေါလ်ရပ်ကွက်မှာ ၁ နှစ်ကျော်။ အခုချိန်မှာတော့ သူငယ်တော် ယေဖူးရပ်ကွက်မှာ တာဝန်ခံ ဓမ္မဆရာအနေနဲ့ အမှုဆောင်တာ ၂၈ နှစ်ရှိပါပြီ။

လူထု။ ။ ဟုတ်ကဲ့ပါရှင့်။ ပြီးတော့ ဆရာကြီးက ရှင်သန်သော စိပ်ပုတီ အသင်းကို စတင် တည်ထောင်ခဲ့တယ်လို့ ကြားသိရတယ်။ ဘာကြောင့် အခုလို တည်ထောင်ရတဲ့အကြောင်း ရှင်းပြပေးပါရှင့်။

ဖြေ။ ။ ၁၉၉၀ မှာ စီတာပူ စရောက်တယ်။ အဲဒီအခါမှာ မယ်တော်ဂူတော့ ရှိတယ်။ ဒါပေမဲ့ လာရောက် ဆုတောင်းကြတဲ့ လူတွေ မတွေ့ရဘူး။ ခြောက်ကပ်နေတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အသင်းသူ အသင်းသားတွေ ယုံကြည်ခြင်းမှာ၊ အမိမယ်တော်ကို ကိုးစားတဲ့ အပိုင်းမှာ အရမ်းအားနည်းနေတာကို တွေ့ရတယ်။ ဥပမာ - ဗုဒ္ဓဘာသာမှာ ဆိုရင် အသက်ကြီးလာလေ ပုတီးစိပ်ပြီး ဘုရားနဲ့ ပိုနီးကပ်လာကြတယ်။ ဒါပေမဲ့ ဆရာတို့ရဲ့ အဘိုး၊ အဘွားတွေက ယုံကြည်ခြင်းမှာ မတွေ့ရဘူး။ ဒါကြောင့် ယုံကြည်ခြင်းတွေ ရှိလာဖို့၊ စီတာပူ ရပ်ကွက်မှာ မီးဘေး၊ ရေးဘေး မဖြစ်ဖို့၊ နိုဗီနာတွေ ပုံမှန်လုပ်နိုင်ဖို့ ဆိုပြီး စစ္စသာရ် မာသာရ်ကြီးနဲ့ ညှိနှိုင်းပြီးတော့ စလုပ်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ လူ အယောက် (၅၀) နဲ့ ၂၀၀၀ ခုနှစ် ၁ ရက်နေ့မှာ စတင် တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိ စီတာပူမှာ အဖွဲ့ဝင် ၂၀၀ ကျော်၊ ဝိုင်းမော်မှာ ၃၀၀ ကျော် ရှိပါတယ်။

လူထု။ ။ ဟုတ်ကဲ့။ ဆိုတော့ ဆရာကြီးရဲ့ ဦးဆောင်မှုအောက်မှာ ဒီအသင်းက အောင်မြင်နေတယ်လို့ မြင်ရပါတယ်ရှင့်။ လက်ရှိ ဒီအသင်းအနေနဲ့ ဘာတွေ လုပ်ဆောင်နေပါ



သလဲ။

ဖြေ။ ။ အစတုန်းက သီလရှင်တို့ဆီမှာ ရော်ဆား မာစတီကာ ရုပ်ထု ရှိတယ်။ ဆရာတို့ အသင်း စတင်ဖွဲ့တဲ့ အချိန်မှာ ဘာမှ မရှိခဲ့ဘူး။ ဒါကြောင့် အဲ့ဒီ ရုပ်ပွားကို ယူပြီး ၉ ရက် တစ်ကြိမ် တစ်အိမ် တစ်လှည့် လှည့်လည် ဆုတောင်းခဲ့ကြတယ်။ နည်းများမဆို အလှူငွေတွေ ထည့်ဝင်ကြတယ်။ ရလာတဲ့ အလှူငွေတွေကို ဖျားနာတဲ့ သူတွေ၊ ဆေးရုံရောက်နေသူတွေဆီ သွား ပြီး လှူတယ်။ ဒီလို ပရဟိတတွေ ဆောင်ရွက်နေပါတယ်။ (၃) လ တစ်ကြိမ် ဝတ်စောင့်ခြင်း လုပ်နေပါတယ်။ (၆) လဆိုရင်တော့ နှစ်ဝက်အတွင်း လှူပ်ရှားမှုများ တင်ပြခြင်း၊ သက်သေခံခြင်းတွေ လုပ်နေပါတယ်။ အသင်းအနေနဲ့ နှစ်တိုင်း ခရစ္စမတ်ဆိုရင် တစ်နေရာရာကို သွားပြီးတော့ မိသားစု ခရစ္စမတ်တွေ လုပ်ပေးနေပါတယ်။ ဒီလို လှူပ်ရှားနေတာ ပေါ့လေ။

လူထု။ ။ ဒီအသင်းကို ဝင်ဖို့ ဘာတွေ လိုအပ်မလဲ၊ ဘယ်တွေ လုပ်ရပါသလဲ ဆရာ။

ဖြေ။ ။ ဒီအသင်းမှာ ဝင်ဖို့ အရမ်းကြီး ခက်ခဲတာ ဘာမှ မရှိပါဘူး။ ဝင်လိုသူတွေ အနေနဲ့ စက်တင်ဘာ ၉ ရက် မတိုင်မီ နိုဗီနာ လုပ်ရပါတယ်။ စက်တင်ဘာ ၁၁ ရက်နေ့မှာ သစ္စာခံတယ်။ နံနက် မေတ္တာ နေစဉ် ဆိုရတယ်။ ငြိမ်းချမ်းရေး ရရှိဖို့၊ ပုပ်ရဟန်း မင်းကြီး ကျန်းမာပြီး ရည်မှန်းချက် အောင်မြင်ဖို့နဲ့ ကိုယ့်ရပ် ကိုယ့်ရွာ ဘေးရန် အပေါင်းမှ လွတ်မြောက်ဖို့ ဒီ ရည်ရွယ်ချက် ၃ ခုနဲ့ စိပ်ပုတီး တစ်ကုံး နေ့တိုင်း စိပ်ရတယ်။ လစဉ် အစည်းအဝေးလုပ်တယ်။

လူထု။ ။ ဆိုတော့ ဆရာတို့ အသင်းအဖွဲ့မှာ ဘယ်လို အခက်အခဲ၊ စိန်ခေါ်မှုတွေ ရှိသလဲ။

ဖြေ။ ။ အစတုန်းက အဖွဲ့က အင်အား မကြီးသေးချိန်မှာတော့ အရမ်း ခက်ခဲ့တာ တို့၊ စိန်ခေါ်မှု ကြီးကြီးမားမားတို့ မရှိခဲ့ပါဘူး။ ဒါပေမဲ့အခုကြီးလာခါမှတာဝန်ခံဆရာတချို့နဲ့ နားမလည်မှုတွေ ရှိလာတယ်။ တစ်ခုခု လုပ်မယ်ဆိုရင် သူတို့ကို ခွင့်တောင်းရမလို ဖြစ်လာတယ်။ ဒီကိစ္စတွေကို လပတ် အစည်းအဝေးမှာ တင်ပြ ရှင်းပြတာတွေ လုပ်တော့ ပြေလည်သွားတဲ့ အပိုင်းတွေတော့ ရှိပါတယ်။ ရပ်/ကျေးတိုင်းမှာ လိုလို မယ်တော်ဂူရှိတယ်။ ဒါပေမဲ့ ရှင်သန်သော စိပ်ပုတီး အသင်းမရှိတဲ့ နေရာတွေမှာတော့ ခြောက်ကပ်နေတာကို တွေ့ရတယ်။ အရင်ကဆိုရင် မယ်တော်ပွဲလေး လုပ်မယ်ဟော့ ဆိုရင် အရမ်းခက်ခဲတယ်။ ဒါပေမဲ့ ဒီအသင်းရှိနေတော့ စိပ်ပုတီး အသင်းက ပါဝင် လုပ်ဆောင်တာကြောင့် ဆရာတွေတောင် တာဝန်ခွဲဝေမှု အပိုင်း သိပ် ပူပင်စရာ မလိုတော့တာကို တွေ့ရတယ်။

လူထု။ ။ အသင်းရဲ့ အောင်မြင်မှုတွေကိုလည်း သီးသန့် ပြောကြားပေးပါအုံး ဆရာရှင့်။

ဖြေ။ ။ အရင်က ကော်မတီဝင် (၁၃) ယောက်နဲ့ စတင်ခဲ့ပေမဲ့ အခုတော့ ရပ်ကွက်တိုင်း ကော်မတီဝင် ကျစ်ကျစ်လစ်လစ် ဖွဲ့နိုင်ခဲ့ပြီး ဖြစ်တယ်။ ပြီးတော့ ဆေးရုံရောက် လူနာတွေကို ပုံမှန်လိုလို သွားရောက် ဆုတောင်း ကူညီပေးနိုင်တယ်။ ကိုယ့်အဖွဲ့နဲ့ အဖွဲ့ပေါ့လေ။ စနစ်ကျကျ တစ်နှစ်လုံး လည်ပတ်နေပြီ ဖြစ်တယ်။ ယခုနှစ်က မန္တလေး ချမ်းသာကုန်း မယ်တော်ကို အဖွဲ့သားတွေ အားလုံး သွားဖူးမျှော်ဖို့ စီစဉ်ထားပါပြီး ဖြစ်ပါတယ်။

(မြစ်ကြီးနား လူထုဆက်သွယ်ရေးရုံး)

# အမိမြန်မာနိုင်ငံ ငြိမ်းချမ်းလာစေဖို့ ရှင်သန်သော စိပ်ပုတီးအဖွဲ့ စီတန်း လှည့်လည် ဆုတောင်း

အမိမြန်မာနိုင်ငံ အလျှင်အမြန် ငြိမ်းချမ်းလာစေရန် ရည်ရွယ်ချက်ဖြင့် ရှင်သန်သော စိပ်ပုတီး အသင်းများက ဇွန်လိုင် ၁၃ ရက် နေ့တွင် ဝိုင်းမော်တိုက်နယ် အူယန် ကျေးရွာ၌ စီတန်းလှည့်လည် ဆုတောင်းခြင်း အစီအစဉ် တစ်ရပ် ကျင်းပခဲ့ကြသည်။

"နှစ်စဉ် ဇွန်လိုင် ၁၃ ရက်နေ့ဟာ နင်းဆီမယ်တော် ပွဲနေ့ ဖြစ်တယ်။ ဒါကြောင့် ဒီနေ့မှာ ဆရာတို့ စိပ်ပုတီး အသင်းအနေနဲ့ မြန်မာနိုင်ငံ အမြန်ဆုံး ငြိမ်းချမ်းလာဖို့ စီတန်း ဆုတောင်းနေကြတာ ဖြစ်ပါတယ်" ဟု ဆရာ ပီတာကျော်ဇံ က ပြောသည်။

နင်းဆီမယ်တော် သခင်မ ထင်ရှားပြစဉ် သူမထံ အထူး ကိုးစား ဆုတောင်းကြရန်နှင့် ငြိမ်းချမ်းခြင်း၏ မိခင်ဖြစ်ကြောင်း မိန့်မှာထားခဲ့သည်ဟုသိရသည်။

"ဒီလို လုပ်တာ ၃ နှစ် ရှိသွားပါပြီ။ နင်းဆီမယ်တော်က အီတလီ နိုင်ငံ၊ မွန်တီချယ်ရီမြို့၊ Pierina Gilli Montichiri အမည်ရှိတဲ့ သူနာပြုဆရာမ တစ်ဦးထံ ၁၉၄၇ ခုနှစ်မှာ ထင်ရှားပြခဲ့တာ ဖြစ်ပါတယ်။ အခုဆို နှစ်ပေါင်း ၇၁ နှစ်ရှိပါပြီ" လို့ ဆရာ ကျော်ဇံက ဆက်လက် ပြောကြားခဲ့သည်။

အဆိုပါ စီတန်းလှည့်လည်ခြင်း အစီအစဉ်သို့ ဝိုင်းမော်တာဝန်ခံဘုန်းတော်ကြီး ဂျိမ်းစ် ဇုန်းတိန့် ကိုယ်တိုင် ပါဝင်ခဲ့ပြီး လူဦးရေ ၂၀၀ ခန့် အူယန် ဘုရားကျောင်း တစ်ပတ် စီတန်း လှည့်လည် ဆုတောင်းခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ရှင်သန်သော စိပ်ပုတီးအသင်း အနေဖြင့် ဩဂုတ်လ ၁၁ နေ့တွင် ဝိုင်းမော် ကက်သလစ် ဘုရားကျောင်း၌ ဝတ်စောင့် ဆုတောင်း အစီ



အစဉ် ပြုလုပ်သွားမည် ဖြစ်ပြီး စက်တင်ဘာလ ၁၅ ရက်နေ့တွင်လည်း မန်ခရိန် ကျေးရွာတွင် စုပေါင်းတွေ့ဆုံခြင်း အစီအစဉ် ထပ်မံ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မေရီနူး

# အမေရိကန်နိုင်ငံနေ ကရင်ကက်သလစ်များ တွေ့ဆုံပွဲကျင်းပ




(၃) ကြိမ်မြောက် အမေရိကန် ကရင်ကက်သလစ်ဘာသာဝင်များ တွေ့ဆုံပွဲကို အမေရိကန်နိုင်ငံတွင် ၂၀၁၈ ဩဂုတ်လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲ၏ ဆောင်ပုဒ်သည် The harvest is plentiful but the workers are few. (ရိတ်သိမ်း စရာများစွာရှိသည်။ သို့သော် လုပ်ဆောင်မည့်သူကား နည်းပါးလှ၏) ဖြစ်သည်။ တွေ့ဆုံပွဲတွင် ဘုန်းတော်ကြီးများ ဖြစ်သော Fr. Joseph (Kareni), Fr. Augustine Shwe, Fr. Patrick, Fr. Chatcrif (Thai), Fr. Palus, Franciscan Brothers of Peace ဘရာသာရ်များနှင့် Sr. Yolanda(SFX) တို့ တက်ရောက် ပို့ချဝေငှပေးခဲ့ကြသည်။ မိမိတို့ ခံယူထားသော ဆေးကြောခြင်းအသက်တာကို ဘယ်လိုအသက်ရှင်မလဲဆိုသည့် ခေါင်းစဉ်ဖြင့် Bro. Paschal (Franciscan brothers of peace) မှ လည်းကောင်း၊ "ကက်သလစ် အသင်းတော်မှ လင်မယားကွဲကွာခြင်းကို ဘာကြောင့် ခွင့်ပြုသနည်း" (Understanding of why catholic give devotion to marry) ခေါင်းစဉ်ဖြင့် Fr. Augustine Shwe မှ လည်းကောင်း ထိမ်းမြားခြင်းနှင့် မိသားစုအသက်တာ ခေါင်းစဉ်ဖြင့် Fr. Patrick နှင့် Sr. Yolanda (SFX) တို့မှ လည်းကောင်း မစ္ဆား တရားအကြောင်းကို Fr. Palus မှ လည်းကောင်း အသီးသီး ပို့ချခဲ့သည်။

တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်သည် အမေရိကန်မှာရှိသော ကက်သလစ် ကရင်မိသားစုများသည် ယုံကြည်ခြင်း အသက်တာ ခိုင်မြဲပြီး တစ်စည်း တစ်လုံးတည်း လက်တွဲနိုင်ရန်နှင့် လိုအပ်နေသူများကို ပါဝင် ကူညီနိုင်ရန် ဖြစ် ပါသည်။

၂၀၁၆ ခုနှစ် ပထမဆုံးအကြိမ်တွေ့ ဆုံပွဲမှာ လူဦးရေ (၂၀၀)၊ ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် တွေ့ဆုံပွဲမှာ လူဦးရေ ၃၄၀ ခန့် တက်ရောက်ပါဝင်ခဲ့ပြီး၊ ယခုအကြိမ် သုံးကြိမ်မြောက် လူဦးရေ ၄၀၀ ကျော် ပါဝင်ခဲ့သည် ဟု Karen-American Catholic Community ဥက္ကဋ္ဌ နော်ဒါးဖိုးကပြောသည်။

Karen-American Cathiolic Community ကို လူမှုရေး၊ ဝိညာဉ်ရေး အတွက် အဓိကကူညီပေး သည့်အဖွဲ့မှာ Br. Seraphim (Franciscan brother of peace) အ သင်းဂိုဏ်းနှင့် Sisters of Charity အသင်း ဂိုဏ်းတို့ဖြစ်ကြပါသည်။

KACC ဥက္ကဋ္ဌနော်ဒါးဖိုးက "၂၀၁၈ ခုနှစ်မှာ လူတွေပိုမိုပါဝင်တာများလာတယ်။ လူဦး ရေ ၄၂၀ လာရောက်ပါဝင်တယ်။ နောက်နှစ်မှာလည်း ဒီထက်ပိုမိုများလာဖို့ မျှော်လင့်ထားတယ်။" ဟု ဆိုသည်။

Fr.Augustine Shwe(MLM-OSC)

# တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ဂုဏ်ထူးရ ကျောင်းသား/သူများအား ဂုဏ်ပြု

ပုသိမ်ကက်သလစ် သာသနာ၊ ကက်သလစ် ဆရာ/ဆရာမများမှ ဦးဆောင်၍ ပုသိမ်ကက်သလစ် သာသနာ အတွင်းရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ် ဝင်တန်းအောင်မြင်ကြသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇူလိုင်လ ၂၉ ရက်၊ တနင်္ဂနွေနေ့ မိဘများပွဲနေ့နှင့်အတူ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

နှစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ရိုးရိုးအောင်မြင်သူ ၂၅ ဦး၊ စုစုပေါင်း ၂၈ ဦးတို့အား ဂိုဏ်းအုပ် ဆရာတော် ဂျွန် မန်းဆိန်းဟိုမှ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ပါသည်။

ယင်းဂုဏ်ပြုပွဲအား ဘာသာဝင်ညီအစ်ကိုမောင်နှမ ၆၀၀ ဦးခန့် ပါဝင် ဂုဏ်ပြုပေးခဲ့ကြပါသည်။ အဆိုပါ ဂုဏ်ပြုပွဲအတွက် ကူညီ ပံ့ပိုးခဲ့ကြပါသော အလှူရှင်များအား ကျေးဇူးအထူး တင်ရှိပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)



# ပုသိမ်မြို့မှ မိဘများပွဲ

ပုသိမ်ကက်သလစ် သာသနာ၊ ပုသိမ်မြို့ စိန်ပီတာ ဘုရားကျောင်း သာသနာ့ခန်းမဆောင်၌ ဇူလိုင်လ ၂၉ ရက် နံနက် ၉ နာရီတွင် မိဘများပွဲနေ့ အခမ်းအနား ကျင်းပခဲ့ပါသည်။

၄င်းနေ့နံနက် ၇ နာရီတွင် ပုသိမ်ဂိုဏ်းအုပ် ဆရာတော်ကြီး ဂျွန်မန်း ဆိန်းဟိုနှင့် ဘုန်းတော် ကြီးများမှ မိဘများအတွက် မစ္ဆားတ ရားတော်မြတ် ပူဇော်ပေးပါသည်။

ပွဲနေ့အခမ်းအနားကို ဆရာတော်ကြီးမှ အဖွင့်ဆုတောင်းပေးပြီး ဩဝါဒမြွက်ကြားပေးပါသည်။ ထို့နောက် သားသမီးများမှ မိဘများအား ကန်တော့ခြင်း၊ လက်ဆောင်များပေးအပ်ခြင်း တို့ဖြင့် ဂါရဝပြုခဲ့ကြပါသည်။

ဆက်လက်ပြီး မိဘများကိုယ်စား ဦးမောင်မောင်စိုးမှ သားသမီးများအား ဆုံးမစကားပြောကြားခြင်း၊ သားသမီးများကိုယ်စား၊ မသဇင်ညွှန့်က ကျေးဇူးတင်စကားပြောကြားပြီး မိဘများအတွက် ဆုတောင်းမေတ္တာပို့သခဲ့ပါသည်။ မိဘများအား ဂုဏ်ပြုတေးများဖြင့်လည်း ဖျော်ဖြေပေးခဲ့ကြသည်။

နံနက် ၁၁ နာရီအချိန်တွင် ဆရာတော်၏ ကောင်းကြီးမင်္ဂလာဖြင့် အခမ်းအနားကို အဆုံးသတ်ခဲ့သည်။ မိဘ ၉၀ ဦးခန့် အခမ်းအနားတွင်ပါဝင်ဂါရဝပြုခံခဲ့ကြသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)



# ၂၀၁၉ ပနားမားကမ္ဘာ့လူငယ်များနေ့ အတွက် စံပြသူရဲကောင်း ၈ ဦး

၂၀၁၉ ခုနှစ် ပနားမား ကမ္ဘာ့ လူငယ်များ နေ့အတွက် အားကိုးကြည်ညို စောင့်ရှောက်ရာ ရဟန္တာ ၆ ပါးနှင့် သူတော်မြတ် ၂ ပါးကို ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်မှ ပနားမား ကမ္ဘာ့လူငယ်များနေ့ သူရဲကောင်းများ ရွေးချယ်လိုက်ပါတယ်။

လူငယ်တွေဆိုတာ ယနေ့ခေတ်အခါရဲ့ အသင်းတော်နဲ့ လူသားထု တစ်ရပ်လုံးအတွက် အင်မတန် အရေးပါလှတဲ့ အရင်းမြစ်ကြီးတစ်ခုပဲ ဖြစ်ပါတယ်။ အဖျက်သဘော ဆောင်တဲ့ အရာတွေကို အပြုသဘော ဆောင်ပြီး ပိုမို ကောင်းမွန်လာအောင် အဖက်ဖက်ကနေ ပြုပြင်ပြောင်းလဲနိုင်တဲ့ စွမ်းအားတွေ လူငယ်တွေဆီမှာ ရှိပါတယ်။ အရွယ်ငယ်ငယ် နပျိုတက်ကြွကာ အရှိန်ကောင်းနေတဲ့ အသက်တာကို ပိုင်ဆိုင်ထားတဲ့ လူငယ်တွေဟာ အန္တရာယ်တွေကြား၊ စွန့်စားနေရတာတွေလည်း ရှိပါတယ်။ အသင်းတော်နှင့် ကမ္ဘာကြီးအတွက် အနာဂတ်တွေဖြစ်တဲ့ လူငယ်တွေ လမ်းမမှားရအောင်၊ အမိမယ်တော်ကဲ့သို့ သတ္တိရှိစွာ ဘုရားရဲ့ခေါ်သံကို တုန့်ပြန်နိုင်ဖို့ သူရဲကောင်း ၈ ဦးကို အားကိုးကြည်ညို စောင့်ရှောက်ရာအဖြစ် ရွေးချယ်ပေးထားပါတယ်။

သူရဲကောင်း ၈ ဦးတွင် ၆ ဦးက ရဟန္တာတွေဖြစ်ကြပြီး ၂ ဦးကတော့ ရဟန္တာတွေဖြစ်ဖို့ နောက်ထပ်တစ်ဆင့်သာ လိုတော့တဲ့ သူတော်မြတ်တွေပဲ ဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့ ရဟန္တာ အများစုက လက်တင် အမေရိကားမှာ အမှုထမ်း ရှင်သန်ခဲ့ကြသူတွေပါ။ သူရဲကောင်း ၈ ဦးနှင့်အတူ အသင်းတော်ရဲ့ သူရဲကောင်း လူငယ်တွေ တွေ့ဆုံကြမယ့် ပနားမား ကမ္ဘာ့လူငယ် ပွဲတော်ကြီးကလည်း စိတ်လှုပ်ရှား ရင်ခုန်ဖွယ်အတိ ဖြစ်ပါတယ်။

ပနားမား ကမ္ဘာ့လူငယ်များနေ့ ပွဲတော်ရဲ့ ကြည်ညို ကိုးစား စောင့်ရှောက်ရာ သူရဲကောင်းတွေကတော့

## ၁။ ရဟန္တာ ဂျွန်ဘော့စကို



သူကတော့ ၁၈၁၅ ခုနှစ် ဩဂုတ်လ (၁၆) ရက်နေ့တွင် ဆင်းရဲရိုးသားတဲ့ လယ်သမား မိသားစုကနေ မွေးဖွားခဲ့ပါတယ်။ သူ့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေကတော့ အီတလီ မြောက်ပိုင်း၊ တူရင်မြို့၊ ဘက်ကီလို့ ခေါ်တဲ့ ရွာဇနပုဒ်လေးပဲ ဖြစ်ပါတယ်။ အသက် ၂ နှစ် အရွယ်မှာ ဖခင် ဆုံးပါးသွားပြီးတဲ့နောက် မိခင်မာမာ မာဂရက်ရဲ့ လမ်းညွှန် ပဲ့ပြင်မှုအောက်မှာ ကြီးပြင်းလာခဲ့ပါတယ်။ အသက် ၉ နှစ်အရွယ်မှာ ထူးဆန်းတဲ့ အိပ်မက်တစ်ခုကို မက်ခဲ့တယ်။ အဲ့ဒီအိပ်မက်က နောင်တစ်ချိန်မှာ လူငယ်တွေ အတွက် လုပ်ဆောင်မယ့် လူငယ်လုပ်ငန်းကြီးကို ဘုရားသခင်က ဖော်ပြပေးခဲ့ပါတယ်။ အဲ့ဒီအိပ်မက်ကို သူ လက်တွေ့အကောင်ထည် ဖော်ဆောင်နိုင်ဖို့ ၁၈၄၁ မှာ ရဟန်း တစ်ပါးဖြစ်လာခဲ့တယ်။ ချစ်ခြင်းမေတ္တာကို အခြေခံ၊ ဆင်ခြင်ဉာဏ်ကို ဖွင့်ပေးပြီး ဘာသာတရားရဲ့ အဆုံးအမအောက်မှာ လူငယ်တွေကို ပညာပေးလမ်းညွှန်ခဲ့တဲ့ ခေတ်ကို ကြိုမြင် သူတော်စင်ပဲဖြစ်ပါတယ်။ ဝိညာဉ်များကို ပေးပါ၊ ကျန်အရာများကို ယူသွားပါ ဆိုတဲ့ သူ့ရဲ့ ဆောင်ပုဒ်အတိုင်း လူငယ်တွေရဲ့ ဝိညာဉ်ကယ်တင်ရေးအတွက် စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့တဲ့ ရဟန္တာဖြစ်ပါတယ်။ ပနားမား လူငယ်ပွဲတော်ကို ဇန်နဝါရီလမှာ ကျင်းပမှာမို့ ရဟန္တာ ဂျွန်ဘော့စကိုရဲ့ ပွဲနေ့နဲ့လည်း တိုက်ဆိုင်နေပါတယ်။ ဒီအတွက်ကြောင့် လူငယ်များရဲ့ဖခင်နှင့် ဆရာအဖြစ် အမိအသင်းတော်က ဂုဏ်ပြုခေါ်ဝေါ်ခံရသူ (သို့မဟုတ်) လူငယ်တွေကို ချစ်ခင်စောင့်ရှောက်တဲ့ ရဟန္တာ ဂျွန်ဘော့စကို ဓါတ်တော် ထည့်သွင်းထားတဲ့ ရုပ်ကလပ်တော်ကို လည်း လူငယ်တွေကြားမှာ ပူဇော်ခံ ကြည်ညိုသွားဦးမှာ ဖြစ်ပါတယ်။

## ၂။ ရဟန္တာ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် (၂)



ကမ္ဘာ့လူငယ်ပွဲတော်လို့ ပြောရင် မေ့ထားလို့ မရတဲ့ ပုဂ္ဂိုလ်ကြီးကတော့ လူငယ်တွေကို ချစ်ခင်အားပေးခဲ့တဲ့ ကမ္ဘာ့လူငယ်များနေ့ပွဲတော်ကို တည်ထောင်သူ ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါလ်ပဲဖြစ်ပါတယ်။ ၁၉၂၀ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ပိုလန်နိုင်ငံ ဝါဒိုဝစ်မှာ မွေးဖွားခဲ့သူဖြစ်ပြီး၊ ငယ်နာမည်ကတော့ ကားလိုဝေါ့ဂျ်တီလာ လို့ ခေါ်ပါတယ်။ ကက်သလစ် အသင်းတော်သမိုင်းမှာ ဒုတိယ သက်တမ်းအရှည်ဆုံး ပုပ်ရဟန်းမင်းကြီးအဖြစ် နာမည်ကြီးခဲ့ပြီး၊ ၁၉၇၈ မှ ၂၀၀၅ ခုနှစ် မျက်မှောက်ခေတ် အသင်းတော်ကို ဦးဆောင်ခဲ့သူလည်းဖြစ်တယ်။ ကမ္ဘာ့နိုင်ငံတော်တော်များများကို ဒေသစာရီ ခရီးပြု ကြွချီခဲ့တဲ့ ပုပ်ရဟန်းမင်းကြီးများအနက် ရဟန္တာဂျွန်ပေါလ် ကလည်း တစ်ပါးအပါဝင် ဖြစ်ခဲ့ပါတယ်။ ပိုလန်နိုင်ငံမှာ ကြီးစိုးနေခဲ့တဲ့ ကွန်မြူနစ်ဝါဒကြီးကို အဆုံးသတ်သွားအောင် ကြိုးပမ်း အားထုတ်ခဲ့သူဖြစ်ပြီး၊ လူ့အခွင့်အရေးကို မြှင့်တင် အားပေးခဲ့သူလည်းဖြစ်ပါတယ်။ ၂၁ ရာစုရဲ့ အလင်းရောင်ဖြစ်တဲ့ ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါလ်ကို ၂၀၁၄ ခုနှစ် ဧပြီလ ၂၇ ရက်နေ့မှာ ပုပ်ဖရန်စစ် အရှင်သူမြတ်မှ ရဟန္တာအဖြစ် တင်မြှောက်ပေးခဲ့ပါတယ်။

## ၃။ ရဟန္တာ ဟိုဆေး ဒီ ရီးယို



လွန်ခဲ့တဲ့ ၂ နှစ် လောက်ကမှ ပူပူနွေးနွေးကြီး ရဟန္တာအဖြစ် တင်မြှောက်ခံထားရတဲ့ သူကတော့ မက်ဆီကိုနိုင်ငံက ရဟန္တာ ဟိုဆေးပဲ ဖြစ်ပါတယ်။ ၁၉၁၃ ခုနှစ်မှာ မွေးဖွားခဲ့ပြီးသူ အသက် ၁၄ နှစ်အရွယ် ၁၉၂၆ ခုနှစ်မှာ၊ ကက်သလစ် ယုံကြည်ခြင်းကို ဆန့်ကျင်တိုက်ခိုက်တဲ့ အထိကရုန်းတွေ ပေါ်ပေါက်ခဲ့ ပါတယ်။ ဘုရားရှိခိုးကျောင်းတွေ ချိတ်ပိတ်ခံရပြီး ကက်သလစ် ယုံကြည်ခြင်းကို စွန့်လွှတ်ဖို့ အဓမ္မခိုင်းစေခဲ့ကြတယ်။ ဟိုဆေးနဲ့ သူရဲ့ညီအစ်ကိုများစုပေါင်းပြီး ကက်သလစ် အယူဝါဒကို တိုက်ခိုက်ရေးဝါဒီကို ဆန့်ကျင်ဖို့ ကြိုးပမ်းခဲ့ကြတယ်။ အသက်အားဖြင့် ငယ်ရွယ်ပြီး အရွယ်မရောက်သေးတာမို့ နိုင်ငံရေး လှုပ်ရှားမှု ပါဝင်ဖို့ အမေဖြစ်သူက ခွင့်မပြုခဲ့သော်လည်း ဂျိုဆေးဟာ မက်ဆီကို အစိုးရစစ်သားတွေရဲ့ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံခဲ့ရတယ်။ ၅ ရက်ကျော်ကြာ ညှင်းပမ်းနှိပ်စက်မှုတွေကို အလူးအလဲ ခံစားခဲ့ရသော်လည်း ဘုရားသခင်အပေါ်ထားရှိတဲ့ သူ့ရဲ့ ယုံကြည်ခြင်းကို စွန့်ဖို့ နည်းနည်းလေးမှ မလျော့ခဲ့ပါဘူး။ ညှာတာမှုကင်းမဲ့ပြီး၊ လူစိတ်မရှိတဲ့ စစ်သားတွေက သူ့ရဲ့ ခြေဖဝါးအရေခွံတွေကို ချွတ်ခွာပြီး အနီးနားက သင်္ချိုင်းဆီကို လမ်းလျှောက်ခိုင်းခဲ့တယ်။ သင်္ချိုင်းကို ရောက်တဲ့အခါ ခရစ်တော်ဘုရင် ဘုန်းတော်ကြီးပါစေလို့ သူ့ရဲ့ နှုတ်မှ ကြွေးကြော်ခဲ့လိုက်ပါတယ်။ အဲ့ဒီနေရာမှာပဲ ၁၄ နှစ်ရွယ် လူငယ်လေးဟာ စစ်သားတွေရဲ့ သေနတ်နဲ့ ပစ်သတ်ခြင်းကို ခံခဲ့လိုက်ရပါတယ်။ ယုံကြည်ခြင်း သူရဲကောင်းဖြစ်တဲ့ ရဟန္တာ ဂျိုဆေးကတော့ ယနေ့ခေတ် လူငယ်များအတွက် တကယ့်ကို အတုယူ စံထားဖွယ်ရာပါပဲ။

## ၄။ ရဟန္တာ ဟွန် ဒီယဲဂို




မက်ဆီကို နိုင်ငံ ၁၄၇၄ ခုနှစ်မှာ ဖွားမြင်ခဲ့တဲ့ သူကတော့ ရဟန္တာ ဟွန် ပဲ ဖြစ်ပါတယ်။ သူ့ရဲ့ ထူးခြားချက်က ဂွာတာလုမယ်တော်သခင်မရဲ့ ရူပါရုံ ပေးခြင်းကို ရရှိခဲ့တာပါပဲ။ ၁၅၃၁ ခုနှစ် ချမ်းအေးလှတဲ့ ဒီဇင်ဘာလ ၉ ရက်နေ့မှာ အသက် ၅၇ နှစ် အရွယ်ရှိပြီဖြစ်တဲ့ လူရိုးကြီး ဂျူအန်းကို အမိမယ်တော်က တီပီရက် လို့ခေါ်တဲ့ တောင်ကုန်းလေး တစ်ခုအပေါ်မှာ အထင်အရှား ပြခဲ့ပါတယ်။ မယ်တော်က သူ့ကို ဘုရားကျောင်း ဆောက်လုပ်ဖို့ စေခိုင်းပါတယ်။ သူပြောတဲ့စကားကို ဆရာတော်ကြီးက မယုံကြည်တဲ့အတွက် သက်သေပြဖို့ တောင်ပေါ်က တောပန်းတွေကို ယူသွားခိုင်းပါတယ်။ အမိမယ်တော် မှာကြားတဲ့ အတိုင်း ပန်းတွေခူးပြီး အဝတ်နဲ့ အုပ်ကာ ဆရာတော်ကြီးထံ ယူသွားတယ်။ ဆရာတော်ရှေ့မှာ သက်သေပြဖို့ အဝတ်ကို ဖွင့်ပြလိုက်တဲ့အခါမှာ ပန်းတွေကနေ ဂွါတာလုမယ်တော်သခင်မရဲ့ ပုံက တောက်ပစွာ ပေါ်နေတာကို အံ့ဩဖွယ် တွေ့ခဲ့ရတယ်။ သေဆုံးတဲ့အထိ အမိမယ်တော် တောင်းဆိုခဲ့တဲ့ ဘုရားကျောင်းလေး အနားက အိမ်လေးထဲမှာပဲ နေခဲ့ပြီး ၂၀၀၂ ခုနှစ်မှာ ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါလ်က ဟွန် ဒဲဂိုအား ရဟန္တာ အဖြစ် တင်မြှောက် ဂုဏ်ပြုခဲ့ပါတယ်။

## ၅။ ရဟန္တာ မာတင်း ဒီပေါရက်စ်

ပီရူးနိုင်ငံ၊ လီမာမြို့မှာ ၁၇၇၉ ခုနှစ်တွင် မာတင်း ဒီပေါရက်စ်ကို ဖွားမြင်ခဲ့ပါတယ်။ ဖျားနာသူတွေ၊ ရောဂါဝေဒနာ ခံစားရသူတွေကို အထူး ကရုဏာ သက်ခဲ့တဲ့ မေတ္တာရှင် တစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့တယ်။ ဆံပင်ညှပ်တယ်။ တောင်ယာ လုပ်တယ်။ သူတစ်ဖက်သားအပေါ် ကူညီလိုစိတ် ပြင်းပြသူဖြစ်တယ်။ အာဖရိက သွေးနှောထားတဲ့ မာတင်းဟာ ၁၆၀၁ ခုနှစ်မှာ ရှင်ဒေါမိနစ်



သူတော်စင် အသင်းဂိုဏ်းကို ဝင်ရောက်ခဲ့တယ်။ မိမိကိုယ်ကို ခြိုးခြံငြင်းပယ်ပြီး လူနာတွေ၊ ဆင်းရဲသားတွေကို ကြည့်ရှု စောင့်ရှောက်တတ်တဲ့ သူဟာ ကရုဏာလုပ်ငန်းတွေနဲ့ တဖြေးဖြေး လူသိများလာခဲ့တယ်။ ခိုကိုးရာမဲ့ မိဘမဲ့ ကလေးတွေအတွက် နေစရာ အဆောင် တည်ဆောက်ပြီး စွန့်ပစ် ကလေးတွေကို စောင့်ရှောက်ခဲ့တယ်။ လမ်းပေါ် လေလွင့် တိရိစ္ဆာန်တွေ အပေါ်မှာလည်း သနား ကြင်နာတတ်သူလည်း ဖြစ်ပါတယ်။ ခြိုးခြံပူဇော် အားထုတ်ပြီး ဝိညာဉ်ရေးအသက်တာကို လျှောက်လှမ်း ခဲ့တဲ့ သူဟာ ကိုယ် တော်မြတ် စက္ကူရမင်တူးကိုလည်း အင်မတန် သဒ္ဓါကြည်ညိုခြင်းကြီးတဲ့သူပါ။ မာတင်းဒီပေါရက်စ်ဟာ ၁၆၃၉ ခုနှစ် ပျံလွန်တော်မူခဲ့ပြီး ၁၉၆၂ ခုနှစ် မေ လ ၆ ရက်နေ့မှာ ပုပ်ရဟန်းမင်းကြီး ၂၃ ကြိမ်မြောက် ဂျွန်က ရဟန္တာအဖြစ်တင်မြောက်ပေးခဲ့တယ်။ အမေရိကားနိုင်ငံအတွင်းမှ ပထမဆုံး လူမဲ ရဟန္တာ တစ်ပါးလည်း ဖြစ်လာပါတယ်။

## ၆။ လီမာမြို့မှ ရဟန္တာ ရို့စ်



ရဟန္တာမ ရို့စ်ကို ပီရူးနိုင်ငံ လီမာ မြို့မှာ ၁၅၈၆ ခုနှစ် ဧပြီလ ၂ ရက်တွင် မွေးဖွားခဲ့ပါတယ်။ သူများနဲ့ မတူ တမူထူး ခြားတဲ့ အလှကို ပိုင်ဆိုင်ထားတဲ့ သူမဟာ နှင်းဆီလေးလို လှသွေးကြွယ်သူ တစ်ယောက်လို့ ပြောစမှတ် တွင်ခဲ့ပါတယ်။ ရို့စ်ဆိုတဲ့ နာမည် လေးကို သူမ ခရစ္စမား အားပေးခြင်း ခံယူတဲ့နေ့ကစပြီး လူသိများခဲ့ တာလို့ ဆိုပါတယ်။ သူမဟာ ဝိညာဉ်ရေးမှာ အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ပြီး နေ့စဉ်နဲ့အမျှ မိမိကိုယ်ကို ငြင်းပယ်၊ ခြိုးခြံ ပူဇော်ခြင်းတွေကို ပြုလုပ်ခဲ့ပါတယ်။ သူမ အတုယူ အားကျခဲ့သူကတော့ ဆီအေနာမြို့မှ ရဟန္တာမ ကက်သရင်းပါ။ ကိုယ်တော်မြတ် စက္ကူရမင်တူးကို သဒ္ဓါကြည်ညိုခြင်း ထက် သန်ပြီး ဆင်းရဲသား အပယ်ခံတွေအတွက် ကိုယ်ချင်းစာတရားနဲ့ ကြည့်ရှုနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဆုံးခါနီး နောက်ဆုံးအချိန်မှာတောင်၊ "အို သခင် ကျွန်မရဲ့ ဝေဒနာတွေကို တိုးပွားစေပါ၊ ဝေဒနာတွေနဲ့အတူ ကျွန်မ နှလုံးသားထဲက ချစ်ခြင်းမေတ္တာကိုလည်း တိုးပွားစေပါ" လို့ ဆန္ဒပြုခဲ့ပါတယ်။ ရဟန္တာမ ရို့စ်ဟာ ၁၆၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် အသက် ၃၁ နှစ်အရွယ်နဲ့ ကွယ်လွန်သွားခဲ့ပြီး၊ ၁၆၇၁ ခုနှစ်မှာ ပုပ် ရဟန်းမင်းကြီး ဒသမမြောက် ကလဲမန်းမှ ရဟန္တာ တင်မြောက်ပေးခဲ့ပါတယ်။

## ၇။ သူတော်မြတ် အော်စကာ ရိုမေးရို

သူတော်မြတ် အော်စကာ ရိုမေးရိုကို ၁၉၁၇ ခုနှစ် အဲဆာဗာဒေါမှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်း မောင်နှမ ၈ ယောက်ရှိခဲ့ပြီး၊ ပညာရေးကို ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသူ ဖြစ်ပါတယ်။ ကျောင်းစတက်ဖို့ အရွယ်ရောက်တော့ မူလတန်းအဆင့်သာ နေခွင့်ရခဲ့တယ်။ ထူးခြားထက်မြတ်တဲ့ ဉာဏ်ရည်ရှိတဲ့ အော်စကာ ရိုမေးရိုကို မိသားစုရဲ့ မိတ်ဆွေ ဆရာတစ်ယောက်က သတိပြုမိရာကနေ အော်စကာကို ပညာသင်ပေးဖို့ ဖြစ်လာခဲ့ပါတယ်။ ရဟန်းတစ်ပါးဖြစ်ချင်နေတဲ့ သူ့ရဲ့ အတွေးစိတ်ကူးလေး ကလည်း ပွင့်လန်းခွင့်ရသွားခဲ့ပါတယ်။ အသက် ၁၃ အရွယ်မှာ အခြေခံ ရဟန်းဖြစ်သင် ကျောင်းကို ဝင်ရောက်ခဲ့တယ်။ ၃ လ အကြာမှာ ရှစ်ယောက်မြောက် ကလေးကို မီးဖွားပြီးကာစ သူ့ရဲ့ မိခင်ကြီးကို ပြုစုဖို့ ရဟန်းဖြစ်သင်ကျောင်းကနေ ခေတ္တထွက် ခဲ့ရပါတယ်။ များမကြာမီ သူ မျှော်မှန်းရာ ရဟန်းဘဝကို တက်လှမ်းနိုင်ဖို့ ပြန်လည် ကြိုးစားခဲ့ရာကနေ ၁၉၄၂ မှာ ရဟန်းတစ်ပါး ဖြစ်လာခဲ့တယ်။ ၁၉၇၀ မှာ ဆရာတော်တစ် ပါးအဖြစ် ရွေး



ကောက် ခံရတယ်။ ဂိုဏ်းချုပ် ဆရာတော်ကြီး တစ်ပါးဖြစ်လာခဲ့ပြီး ၁၉၈၀ ခုနှစ်မှာ လူ့အသက် သတ်ဖြတ်နေတဲ့ အစိုးရရဲ့ အမိန့်ကို နာခံခြင်းထက် ဘုရားသခင်ရဲ့ စကားကို ပိုပြီး နားထောင်ရမှာ ဖြစ်ကြောင်း ဩဝါဒပေးခဲ့ပါတယ်။ နောက်တစ်ရက် ဆေးရုံ ဘုရားကျောင်း ငယ်လေးထဲမှာ မစ္ဆား ပူဇော်နေစဉ် အကြမ်းဖက် သမားတွေရဲ့ ပစ်သတ်ခြင်းကို ခံခဲ့ရတယ်။ သိန်းနဲ့ချီမက လူပေါင်းများစွာ ဆရာတော်ကြီးရဲ့ ဈာပန အခမ်းအနားကို တက်ရောက်ခဲ့ကြတယ်။ ၂၀၁၅ ခုနှစ်မှာ ဓမ္မအာဇာနည် သူတော် မြတ်အဖြစ် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်မှ တင်မြောက်ခဲ့တာဖြစ်ပြီး မကြာခင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့မှာ ရဟန္တာအဖြစ် တင်မြောက် ချီးမြှင့်တော့မှာပဲ ဖြစ်ပါတယ်။

## ၈။ သူတော်မြတ် မာရီယား ရိုမေးရို



သူတော်မြတ် မာရီယား ရိုမေးရိုကတော့ ၂၀ ရာစုသစ်ရဲ့ သူတော်စင်တစ်ပါးလို့ပဲ ဆိုရတော့မှာပါ။ သူမကို ၁၉၀၂ ခုနှစ် နီကာရာဂူရာ၊ ဂရာနာဒါးမြို့မှာ ချမ်းသာတဲ့ မိဘနှစ်ပါးကနေ မွေးဖွားခဲ့ပါတယ်။ အသက် ၁၂ နှစ်အရွယ်မှာ ဆိုးဝါးပြင်းထန်တဲ့ အဖျားဝေဒနာ တစ်ခုကို ခံစားခဲ့ရပြီး၊ ၆ လတိုင်တိုင် ကိုယ်လက်ခန္ဓာ မလှုပ်ရှားနိုင်ဘဲ ဖြစ်ခဲ့ရတယ်။ သူမရဲ့ ရောဂါပျောက်ကင်းဖို့ ခရစ်ယာန်တို့အား မှိုင်းမတော်မူသော မယ်တော်သခင်မထံ ဆုတောင်းခဲ့ပါတယ်။ သူမရဲ့ နှလုံးက အလုပ်မလုပ်တော့ဘဲ ပျက်စီးနေပြီလို့ ဆရာဝန်က ပြောခဲ့တယ်။ သူမ ကတော့ မယ်တော်သခင်က ကုသပေးလိမ့်မယ်လို့ အသေအချာ ယုံကြည် နေတယ်ဆိုတဲ့အကြောင်း သူငယ်ချင်း တစ်ယောက်ကိုပြောပြခဲ့တယ်။ ရက်အနည်းငယ်အတွင်းမှာပဲ မာရီယားရဲ့ ရောဂါ ဝေဒနာ လုံးဝပျောက်ကင်းသွားခဲ့ပါတယ်။ အံ့ဩဖွယ် တွေ့ကြုံခံစားလိုက်ရတဲ့ ဒီနက်နဲဖွယ် ဖြစ်ရပ်ကို ဝိညာဉ်လမ်းညွှန် ဘုန်းကြီးနဲ့ ဆွေးနွေးတိုင်ပင်ခဲ့တယ်။ အဲ့ဒီကနေတဆင့် သိလိုက်ရတာက သူတော်စင် ဘဝအသက်တာကို လျှောက်လှမ်းဖို့ ဘုရားခေါ်နေတယ်ဆိုပါပဲ။ ခရစ်ယာန်တို့အား မှိုင်းမတော်မူသော သခင်မရဲ့သမီးများဂိုဏ်း (ဆလေးရှင်း စစ္စတာရ်များ) ကို ဝင်ပြီး ဆလေးရှင်း သီလရှင်တစ်ပါးဖြစ်လာခဲ့တယ်။ ၁၉၃၁ ခုနှစ်မှာ အမေရိကား အလယ်ပိုင်း ကော်စတာရီးကာနိုင်ငံမှာ အမှုထမ်းဖို့ စေလွှတ်ခြင်းခံရပြီး ဆင်းဆင်းရဲရဲနဲ့ ဒေသခံ လူတွေအတွက် ခရစ်ယာန် ယုံကြည်ခြင်းကို လက်ကမ်းပေးခဲ့တယ်။ အသက်မွေးဝမ်းကြောင်း ပညာတွေ သင်ကြား ပေးခဲ့တယ်။ ဆေးဝါး ကုသခြင်းတွေနဲ့ လူနာကိုတွေ ကူညီပေးခဲ့ပါတယ်။

ဆလေးရှင်းသီလရှင် မာရီယား ရိုမေးရိုဟာ ၁၉၇၇ မှာနှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီး ၂၀၀၂ ခုနှစ်မှာ ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါလ်မှ သူတော်မြတ်အဖြစ် တင်မြောက် ခဲ့တာဖြစ်ပါတယ်။

ပနားမား ကမ္ဘာ့လူငယ်များနေ့ ပွဲတော်ကို အမိ ကက်သလစ် အသင်းတော်နဲ့အတူ သက်ဆိုင်ရာ တာဝန်ရှိသူများက အဖက်ဖက်ကနေ အင်တိုက်အားတိုက်နဲ့ ပြင်ဆင်နေကြသလို ကမ္ဘာ့တစ်ဝှမ်းက ကက်သလစ် ဘာသာဝင်များကလည်း လူငယ်ပွဲတော် အောင်မြင်ဖို့ ဆုတောင်း အားပေး နေကြ ပါတယ်။ ကက်သလစ်အသင်းတော်က ကမ္ဘာ့လူငယ်များနေ့ ပွဲတော်အတွက် ရဟန္တာ ၆ ပါးနှင့် သူတော် မြတ် ၂ ပါးကို စောင့်ရှောက်အားကိုးရာ ရဟန္တာတွေ အဖြစ် သတ်မှတ်ပေးထားတာမို့ ရဟန္တာတွေ ထံ ဆုတောင်းခြင်းဖြင့် ကမ္ဘာ့လူငယ်များနေ့အတွက် ဆက်လက် ပါဝင် ဆုတောင်းကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်။

သီကိုရှင်း

## မြစ်ကြီးနားမြို့တွင် အမိမယ်တော်သခင်မ မိုးကောင်းကင်သို့ ပင့်ဆောင်ခံရခြင်းပွဲ ကျင်းပခြင်း

နှစ်စဉ် ကျင်းပမြဲဖြစ်သော အမိမယ်တော်သခင်မ မိုးကောင်းကင်သို့ ပင့်ဆောင်ခံခြင်းပွဲကို မြစ်ကြီးနားမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

ပွဲတော်နေ့ဖြစ်သော ဩဂုတ်လ ၁၉ ရက် မတိုင်မီတွင် မော်လမြိုင် ဂိုဏ်းအုပ်ဆရာတော် ရေမွန်စောဖိုးရေ မှ အမှူးပြုပြီး ရဟန်းဘုန်းတော်ကြီးများ ၊ဂေါပကလူကြီးများ ဓမ္မဆရာဆရာမများနှင့် သီလရှင်များ၊ လူငယ်များအတွက် ၃ ရက်တာ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် သိမှတ်ဖွယ်ရာ ဥပဒေအကြောင်းအရာများ ဘာသာရေး အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

နိုဗီနား ကိုးရက်တိုင်တိုင်ပြုလုပ်ပြီး နောက်ဆုံးနေ့တွင် အမိမယ်တော်မိုးကောင်းကင်သို့ ပင့်ဆောင်ခံရခြင်းပွဲကို ကျင်းပခဲ့ကြရာ မြို့တွင်းသို့လှည့်လည်ကာ အမိမယ်တော်အား ပူဇော်ခြင်း အခမ်းအနားလည်း ပါဝင်ခဲ့သည်။

တက်ရောက်ပါဝင်ကြသော ဘာသာဝင်များမှာ ၅၀၀ ဝန်းကျင်ခန့် ရှိသည်။

MLM - OSC

# ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာနမှ ဝန်ကြီးဌာနများထဲတွင်စတုတ္ထအများဆုံး ကျပ်ဘီလီ ယံ ၂၁၀၀ ကျော်တောင်းခံထားပြီး ပညာရေးအသုံးစရိတ် စံချိန်တင်တိုးမြှင့်လာ

လာမည့် ၂၀၁၈-၁၉ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာနမှ အသုံးစရိတ် ကျပ်ဘီလီယံ ၂၁၀၀ ကျော် တောင်းခံထားပြီး မြန်မာ့ပညာရေး သမိုင်းတစ်လျှောက်တွင် ပညာရေးအတွက် စံချိန်တင် အသုံးပြုမည်ဖြစ်သည်။

လာမည့် အောက်တိုဘာလတွင် စတင်မည်ဖြစ်သော ၂၀၁၈-၂၀၁၉ ဘတ်ဂျက်နှစ်အတွက် ပြီးခဲ့သည့် ဇူလိုင်လ ၂၆ ရက်က ကျင်းပသော ပြည်ထောင်စု လွှတ်တော် အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာနဒုဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးပြုပြင်ပြောင်းလဲမှုတွင် တိုင်းနှင့်ပြည်နယ်အားလုံး၏ အခြေခံပညာရေး ကဏ္ဍကို လွှမ်းခြုံနိုင်ရန် ဆရာ၊ ဆရာမနှင့် ပညာရေးဝန်ထမ်း ထပ်မံခန့်ထားရေးနှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းရေး အတွက် ပညာရေးဘတ်ဂျက် တိုးမြှင့် တောင်းခံခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။



ဓာတ်ပုံ - EPA

ပြီးခဲ့သည့် အစိုးရလက်ထက်၂၀၁၂-၁၃ ဘဏ္ဍာနှစ်က ပညာရေးအသုံးစရိတ် ၇၆၁ ဘီလီယံသာ ရရှိပြီး ဒီချုပ်အစိုးရလက်ထက်တွင် ပညာရေး အသုံးစရိတ်ကို ပိုမိုမြှင့်တင်အသုံးပြုခဲ့ရာ ရသုံးမှန်းခြေ စာရင်းများအရ ၂၀၁၆-၂၀၁၇ခုနှစ်တွင် ၁,၇၂၆ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ခုနှစ်တွင် ၁,၇၅၆ ဘီလီယံ အသီးသီးရှိခဲ့ပြီး လာမည့် ၂၀၁၈-၂၀၁၉ ဘတ်ဂျတ်နှစ်အတွက် ကျပ်ဘီလီယံပေါင်း ၂၁၀၀ ကျော်အထိ တိုးမြှင့်တောင်းခံလာခဲ့ခြင်းဖြစ်သည်။

ထိုတောင်းခံထားသည့် ကျပ်ဘီလီယံ ၂၁၀၀ အနက် သာမန်အသုံးစရိတ် ကျပ်ဘီလီယံ ၁,၆၃၀ ကျော် လျာထားပြီး ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်ဘီလီယံ ၅၃၀ ကျော် လျာထားကြောင်း ဒုဝန်ကြီးက ပြည်ထောင်စု လွှတ်တော်တွင် ရှင်းလင်းခဲ့သည်။

၂၀၁၈-၁၉ ဘတ်ဂျတ်တောင်းခံမှုတွင် ပညာရေးဝန်ကြီး ဌာနသည် စတုတ္ထအများဆုံး တောင်းခံခဲ့ခြင်းဖြစ်ပြီး၊ ကာကွယ်ရေးဝန်ကြီးဌာနက သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်း ကျပ်ဘီလီယံ ၃,၂၀၀ တောင်းခံခဲ့ကာ တတိယအများဆုံးဖြစ်သည်။ ထို့နောက်မှ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယအများဆုံး ကျပ်ဘီလီယံ ၅၅၀၀ ကျော်ကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပထမအများဆုံး ကျပ်ဘီလီယံ ၅၇၀၀ကျော်ကို လည်းကောင်း အသီးသီးတောင်းခံထားသည်။

ထို့အပြင် အများပြည်သူ ကျန်းမာရေးကဏ္ဍအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စုစုပေါင်း ကျပ်ဘီလီယံ ၁,၁၀၀ကျော် သုံးစွဲရန် လည်းကောင်း၊ ငြိမ်းချမ်းရေး ကဏ္ဍအတွက်သုံးရန် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ကျပ်သန်း ၁၆၀၀ ကိုလည်းကောင်း အသီးသီး တောင်းခံသည်။

ချမ်းဇော်အောင်

# မူးယစ်ဆေးဝါး အထူးသတင်းပေး တိုင်ကြားရေးဌာနသို့ သတင်းပေးတိုင်ကြားချက်များအရ မူးယစ်တရားခံ ၂၃၈ ဦးကို ဖမ်းဆည်းရမိကြောင်း သမ္မတရုံးထုတ်ပြန်

မူးယစ်ဆေးဝါး အထူးသတင်းပေး တိုင်ကြားရေးဌာန စတင်ဖွင့်လှစ် ခဲ့ချိန်မှစ၍ ဩဂုတ်လ ၁၈ ရက်အထိ သတင်းပေး တိုင်ကြားချက်များအရ အမှုပေါင်း ၁၅၃ မှု ဖွင့်လှစ် အရေးယူခဲ့ပြီး တရားခံ ၂၃၆ ဦး ဖမ်းဆီးရမိကြောင်း နိုင်ငံတော် သမ္မရုံးမှ ဩဂုတ်လ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင်လ၂၆ရက်က နိုင်ငံတော်သမ္မတ၏ အမိန့်ဖြင့် "မူးယစ်ဆေးဝါး အထူးသတင်းပေး တိုင်ကြားရေးဌာန" ကို စတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရက်ပေါင်း ၂၈ ရက်အတွင်း စုစုပေါင်း မူးယစ်တရားခံ ၂၃၆ ဦးကို ဖမ်းဆီး အရေးယူနိုင်ခဲ့ခြင်းဖြစ်သည်။ သတင်းပေး တိုင်ကြားမှုများကို ဖမ်းဆီးရာတွင် မူးယစ်ဆေးဝါး အမျိုးမျိုးနှင့် လက်နက်များ ဖမ်းဆည်းရရှိခဲ့သည်။

"မူးယစ်ဆေးဝါး အထူးသတင်းပေး တိုင်ကြားရေးဌာန" တိုင်ကြားပေးပို့သော သတင်းများအပြင် တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က သီးခြားရရှိသော သတင်းများကို ဖော်ထုတ်ဖမ်းဆီးရာတွင် ရှမ်းပြည်နယ် မဘိမ်းမြို့နယ်နှင့် ရခိုင်ပြည်နယ် မောင်တောဒေသ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့မှ မူးယစ်တရားခံများနှင့်အတူ မူးယစ်ဆေးအမြောက်အများနှင့် လက်နက်များ ဖမ်းဆီးရမိခဲ့ကြောင်း သမ္မတရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင်လ၂၆ရက်က နိုင်ငံတော်သမ္မတ၏အမိန့်ဖြင့် "မူးယစ်ဆေးဝါး အထူးသတင်းပေး တိုင်ကြားရေးဌာန" ကို စတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားသူများနှင့် ပတ်သက်ပြီး သတင်းပေး တိုင်ကြားသူများကို နိုင်ငံတော်၏ ချီးမြှင့်ငွေနှင့် အခွန်ကင်းလွတ်ခွင့် အထူးအခွင့်အရေးများ ပေးအပ်သွားမည်ဟု နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပြောကြားခဲ့သည်။

ဩဂုတ်လအတွင်း ရုပ်ရှင်သရုပ်ဆောင်များ အပါအဝင် မူးယစ်ဆေးဝါးသုံးစွဲသူ အမြောက်အများကိုလည်း ရဲတပ်ဖွဲ့က ဖမ်းဆီး ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ချမ်းဇော်အောင်

# တတိယအကြိမ် ထိပ်သီးအစည်းအဝေးကျင်းပရန် ကိုရီးယား နှစ်နိုင်ငံခေါင်းဆောင်များ စီစဉ်

မြောက်ကိုရီးယား နိုင်ငံတွင် လာ မည့် စက်တင်ဘာလအတွင်း ထိပ်သီး အစည်းအဝေးပွဲ ကျင်းပပြုလုပ်ကြရန် ကိုရီးယား နှစ်နိုင်ငံခေါင်းဆောင် များကြား သဘောတူညီချက် ရရှိခဲ့ကြပြီးဖြစ်သည်။

၄င်း ထိပ်သီးအစည်းအဝေး ပွဲသည် အတိတ်က ရန်ဘက်နှစ်နိုင်ငံများကြား အမုန်း တရား၊ သံသယများကို ချေဖျက်ပြီး ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်၊ မြောက်ကိုရီးယား နူးကလီးယား လက်နက်များ ဖျက်သိမ်းရေး တိုးမြှင့် လုပ်ဆောင်ကြ ရန် အတွက် အရေးပါသော ခြေလှမ်း တစ်ရပ် ဖြစ်သည်။

ယခု တွေ့ဆုံပွဲအတွက် ဆွေးနွေးမည့် အကြောင်းအရာများကြေညာထားခြင်း မရှိသော်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် များ၊ စည်းပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် အခြေခံ အဆောက်ဦး တည်ဆောက်ရေးကိစ္စရပ်များ ဆွေးနွေးဖွယ်ရှိသည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်းက စင်္ကာပူနိုင်ငံတွင် ပြုလုပ်ခဲ့သော အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းတို့တွေ့ဆုံဆွေးနွေးမှုအတွင်း ကင်က နူးကလီးယား ဖျက်သိမ်းရေး သဘောတူညီ ခဲ့ပြီးနောက်တောင်နဲ့မြောက်နှစ်နိုင်ငံဆက်ဆံရေးပိုမိုအားကောင်းလာခဲ့ခြင်းဖြစ်သည်။

၃ကြိမ်မြောက် ထိပ်သီးဆွေးနွေး ပွဲကို မြောက်ကိုရီးယားနိုင်ငံ ပြုံးယမ်းတွင် ပြုလုပ်မည်ဖြစ်ပြီး နေ့ရက်အတိအကျကိုမူ နှစ်နိုင်ငံ တရားဝင်ကြေညာခြင်း မရှိသေးပေ။ ပြီးခဲ့သည့် ဧပြီလအတွင်းက တောင်ကိုရီးယား သမ္မတ မွန်းဂျေ



အင်း နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်မ် ဂျုံအန်းတို့သည် နှစ်နိုင်ငံ နယ်စပ်အနီးရှိ ကျေးရွာတွင် ပထမ ဦးဆုံး နှစ်နိုင်ငံသမိုင်းဝင် တွေ့ဆုံ ခဲ့ကြခြင်း ဖြစ်သည်။

ချမ်းဇော်အောင်၊
Ref; Reuter

# ၂၀၁၈ ခုနှစ် ဥရောပ ဘောလုံးအသင်း (UEFA) ဥက္ကဋ္ဌ ၏ ဆု ဒေးဗစ်ဘက်ခမ်း လက်ခံရရှိ




ဥရောပဘောလုံးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ အလက်ဇန္ဒြား ဆယ်ဖရင်က ၂၀၁၈ ခုနှစ်အတွက် ဥက္ကဋ္ဌ၏ ဆု (President's Award) ကို အင်္ဂလန် နိုင်ငံသား ဒေးဗစ်ဘက်ခမ်းအား ရွေးချယ်ခဲ့သည်။

ဒေးဗစ် ဘက်ခမ်း အား ရွေးချယ်ရသည့် အကြောင်းကို ဥက္ကဋ္ဌဖြစ်သူ ဆယ်ဖရင် ရှင်းပြခဲ့သည်။ "ဥက္ကဋ္ဌရဲ့ဆုဆိုတာ ထင်ရှားတဲ့ အောင်မြင်မှု၊ ပရိုဖက်ရှင်နယ်ဆန်တဲ့ ထူးချွန်မှု၊ စံနမူနာကောင်းဖြစ်တဲ့ ပုဂ္ဂိုလ်ရေး အရည်အသွေးတွေကို အသိ အမှတ်ပြုခြင်းဖြစ်ပါတယ်။ ဒီနှစ်ရဲ့ ဆုရှင်အဖြစ် ဒေးဗစ်ဘက်ခမ်းကို ကျနော် ရွေးချယ်ရတဲ့ အကြောင်းရင်းကတော့ သူဟာ တကမ္ဘာလုံးအတွက် ဘောလုံးသံတမန်တစ်ဦးအဖြစ်နဲ့ ကမ္ဘာ့အစွန်အဖျားတွေထိ ဘောလုံးကစားခြင်းနဲ့ အားကစားရဲ့ တန်ဘိုးတွေကို ကျိုးစား ပမ်းစား မြှင့်တင်နေတယ်။ ကမ္ဘာတဝှမ်း ကကလေးငယ်များစွာကို ကူညီကယ်တင်နေတဲ့ သူရဲ့ ပရဟိတ လုပ်ငန်းတွေကိုလည်း အသိအမှတ်ပြုပေးရမယ်။ ဘက်ခမ်းဟာ သူ့ရဲ့မျိုးဆက်အတွက် ဇေနိစင်စစ် ဘောလုံးကစားခြင်းရဲ့ ပြယုဂ် တစ်ခု ဖြစ်ပါတယ်"

၎င်းဆုကို ဘက်ခမ်းသည် ယခုနှစ် အနောင်းပိုင်းတွင် မော်နာကို၌ လက်ခံ ရယူမည်ဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းသည် ဘောလုံးသမားဘဝ အနှစ် (၂၀)တွင် ကလပ်အသင်းနှင့် နိုင်ငံတော် အသင်းတွင် ပွဲပေါင်း ၇၆၂ ပွဲ ကစားခဲ့ကာ ၁၃၀ အကြိမ် ဂိုးသွင်းခဲ့ပြီး အကြိမ်ပေါင်း များစွာ ဂိုးဖန်တီးပေးခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် မန်ချက်စတာ ယူနိုက်တက် အသင်းနှင့်အတူ ချန်ပီယံလိဂ် ဖလား ရယူနိုင်ခဲ့သည်။

"ယူအီးအက်ဖ်အေ ဥက္ကဋ္ဌရဲ့ဆုကို လက်ခံရယူရတာ ကျနော့်အတွက် ဂုဏ်ယူစရာတစ်ခုဖြစ်ပါတယ်။ ကျနော့်ရဲ့ အားကစားသမား ဘဝ တလျှောက်လုံးမှာ အသင်းစိတ်ဓါတ်ရဲ့ တန်ဘိုးနဲ့ မျှတတဲ့ ကစားပွဲဖြစ်ရေး ဆိုတဲ့ အချက်တွေကို မြှင့်တင်ဖို့ ရာနှုန်းပြည့် ကြိုးစားခဲ့ပါတယ်။ ကျနော့်အရင်ဒီဆုကို ရထားကြတဲ့ ပြောင်မြောက်တဲ့ ကစားသမားတွေရဲ့ စာရင်းထဲမှာ ပါဝင်ခွင့်ရတဲ့ အတွက်လည်း အများကြီး ဝမ်းသာဂုဏ်ယူပါတယ်။ ကျနော့်ရဲ့ ကစားသမား ဘဝတလျှောက်မှာ အမှတ်ရစရာတွေ အများကြီးပါ၊ အဲဒီအထဲမှာ အမှတ်ရနေဆုံးကတော့ ဘာစီလိုနာမှာ ကစားခဲ့တဲ့ ၁၉၉၉ ခုနှစ် ချန်ပီယံလိဂ် ဗိုလုပွဲမှာ ဘိုင်ယန် ကို အနိုင်ရခဲ့တဲ့ပွဲပါ၊ အဲ့ဒီပွဲက တော်တော်ကို မှော်ဆန်သလိုလုပခဲ့တဲ့ ပွဲလည်း ဖြစ်ပါတယ်။" ဘက်ခမ်းက ပြောပြခဲ့သည်။

အသက်၄၃နှစ်အရွယ်ရှိ ဘက်ခမ်းသည် အားကစားတွင်သာမက ဆင်းရဲသားများနှင့် အကျပ်အတည်း ရင်ဆိုင်နေရသူများအတွက် ပရဟိတလုပ်ငန်းများကိုလည်း ပြောင်မြောက်စွာ လုပ်ကိုင်နေသူ ဖြစ်သည်။ ကလေးငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းတွင်းဖြစ်ပေါ်နေသော ပြဿနာများကိုကူညီဖြေရှင်းရန် 7: The David Beckham UNICEF Fund ကို ၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

ဒေးဗစ် ဘက်ခမ်းသည် မန်ချက်စတာယူနိုင်တက် အသင်းနှင့် ၁၀ နှစ်ခန့် ကစားခဲ့ပြီး ပရီးမီးယားချန်ပီယံဖလား ၆ ကြိမ် ကိုလည်း ရယူခဲ့သည်။ ထို့နောက် ရီးယဲမက်ဒရစ်တွင် ၄ နှစ်၊ ပီအက်စ်ဂျီ နှင့် အေစီမီလန် (အငှါး) တို့တွင်လည်း ကစားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အားကစားသမားမှ အနားယူခဲ့သည်။

သူသည် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ပွဲပေါင်း တစ်ရာကျော် ကစားဦးဆောင်ခဲ့သည်။ နိုင်ငံပွဲပေါင်း ၁၁၅ ပွဲ ကစားခဲ့ကာ ၁၇ ဂိုးသွင်းပေးခဲ့သည်။ ကမ္ဘာ့ဖလားပွဲကို သုံးကြိမ်ကစားခဲ့ပြီး ဥရောပဖလား နှစ်ကြိမ် ကစားခဲ့သည်။

၂၀၀၁ နှစ် ၂၀၀၃ ခုနှစ်များတွင် ဥရောပ အသင်းတွင် ထည့်သွင်းခံရပြီး ၁၉၉၅ ခုနှစ် ရွှေဘောလုံးဆုပေးပွဲတွင် ဒုတိယရရှိခဲ့သည်။

CBCM-OSC

Ref: UEFA

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဘုရားဖူးဌာနအသစ် ရဟန္တာ ရှင်ပါဒြေပီးအို ပွဲတော် ဖိတ်ကြားလွှာ

### ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက် မှ ၂၂ ရက် အထိ



၁၁. ၉. ၂၀၁၈ (အင်္ဂါနေ့)

ညနေ - ၆း၀၀ - အလံတင်ခြင်းနှင့် နိုဗီနာ အဖွင့် - မစ္ဆားတရားတော်။

၁၁. ၉. ၂၀၁၈ မှ ၁၉. ၉. ၂၀၁၈ ထိ နေ့စဉ်

ညနေ ၆း၀၀ - နိုဗီနားမစ္ဆားတရား။

၂၀.၉.၂၀၁၈ (ကြာသပတေးနေ့)

ညနေ - ၄း၃၀ - ပွဲတော် အကြိုမစ္ဆား တရား၊ စီတန်းလှည့်လည်ခြင်း ။

ည - ၇း၃၀ - ကျန်းမာခြင်းမစ္ဆားတရား။

ည - ၈း၃၀ - စွဲလန်းခြင်းမှ လွတ်မြောက် နိုင်ရန် မစ္ဆားတရား။

ည - ၉း၃၀ - သားသမီးရတနာရရှိရေး မစ္ဆားတရား ။

ည - ၁၀း၃၀ - ငွေကြေးအခက်အခဲရှိသူများ အတွက် မစ္ဆားတရား ။

၂၁.၉.၂၀၁၈ (သောကြာနေ့)

နံနက် - ၇း၃၀ ပွဲတော်မစ္ဆားတရားတော်မြတ်။



နိုင်ငံလုံးဆိုင်ရာ ဆုတောင်းပြည့် ရဟန္တာ ရှင်ပါဒြေပီးအို ဗိမာန်တော်။
စိန်အာလောရှက်(စ်) အခြေခံ ရဟန်းဖြစ်သင်ကျောင်းဝင်းအတွင်း
(၇၅) မြို့ပတ်လမ်း ၊ ရပ်ကွက်ကြီး (၇) ၊ပြင်ဦးလွင်မြို့ ။
ဖုန်း - ၀၉ - ၂၅၆၃၀၅၅၅၈ / ၀၉ - ၉၆၅၃၁၁၅၅၆

တည်းခိုရန်နှင့် အကျွေးအမွေး အစီအစဉ်များရှိပါသည်။

# စွန့်လွှတ်စွန့်စားခြင်းနဲ့ ချစ်ကြပါ ဟု အီတာလျံလူငယ်များအား ပုပ်ရဟန်းမင်းကြီး မိန့်ကြား



ရက်သတ္တ တစ်ပတ်ကြာမြင့်မည့် အီတလီနိုင်ငံတဝှမ်းမှ လူငယ်များ၏ ဘုရားဖူး အစီအစဉ်ကို အီတလီနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်က ၂၀၁၈ အောက်တိုဘာလတွင် ကျင်းပမည့် လူငယ်များအတွက် ဆရာတော်ကြီးညီလာခံကို ဂုဏ်ပြုသောအားဖြင့် ကြီးမှူး ကျင်းပခြင်းဖြစ်သည်။ လူငယ် ၃ သောင်းခန့်သည် အီတလီအနံ့ ခြေလျင်လျှောက်ကာ ဘုရားဖူးထွက်ကြခြင်း ဖြစ်သည်။

ဘုရားဖူးအစီစဉ်နောက်ဆုံးရက်များ ဖြစ်သော ဩဂုတ်လ ၁၁ နှင့် ၁၂ ရက်များတွင် ရောမမြို့တွင်စုရုံးကြပြီး ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံခြင်းဖြစ်သည်။ ၁၁ ရက်နေ့ညနေတွင် ရောမ၏ ရှေးဟောင်းမြင်းပြိုင်ကွင်းဖြစ်သော ချီကို မာစီမို ကွင်းတွင် တညတာ ဆုတောင်းခြင်း ပြုလုပ်ကြရာ လူငယ် ၇ သောင်းခန့်ပါဝင်ကြသည်။

ထိုဆုတောင်းပွဲတွင် ပုပ်ရဟန်းမင်းကြီးအား လူငယ် ၄ ဦးမှ မေးခွန်းများမေးခဲ့ကြပြီး ပုပ်ရဟန်းမင်းကြီးက မေးခွန်းများအား ဖြေကြားခဲ့သည်။ လူငယ်တွေမှာရှိတဲ့ "ကြီးမားတဲ့အိပ်မက်တွေဟာ အခြားသူများကိုလည်း ပါဝင်စေတယ်၊ ပွင့်လင်းတယ်၊ မျှဝေခြင်းရှိတယ်၊ အသက်တာအသစ်တွေကို မွေးဖွါးပေးတယ်။ သင်တို့ရဲ့ အိပ်မက်တွေကို လုယူမခံကြပါနဲ့၊ ဒါတွေကို နားလည်အောင်လုပ်ပြီး ဖြည်းဖြည်းချင်း အကောင်အထည် ဖော်ကြပါ။"

ဘဝ၏ အနာဂတ်အတွက် ဆုံးဖြတ်ချက်များချရာတွင် ခက်ခဲကြောင်း မေးခွန်းအား ဖြေကြားရာတွင် "ဆုံးဖြတ်ချက်များချသည်ဆိုသည်မှာ လွတ်လပ်ခြင်းကို အမြင့်မားဆုံးသော ထုတ်ဖော်ခြင်းဖြစ်တယ်။ ဆုံးဖြတ်ချက်တွေက ကျွန်ုပ်တို့ကို ရှေ့ဆက်မတိုးဖို့ ပိတ်ပင်တာမဟုတ်ပါဘူး၊ လွတ်လပ်ခြင်းကို ပစ်ပယ်တာမဟုတ်ဘူး။ ချစ်ခြင်းမေတ္တာအကြောင်းစဉ်းစားဖို့ မကြောက်ပါနဲ့၊ မေတ္တာတရားဟာ စွန့်စားမှုတွေ၊ သစ္စာရှိမှုတွေ ပါဝင်သလို သူတပါးကိုရော မိမိကိုယ်ကိုပါ ရှင်သန်ကြီးထွားစေပါတယ်။" ဟု ဖြေကြားခဲ့သည်။

ဩဂုတ်လ ၁၂ ရက် တနင်္ဂနွေနေ့တွင် လူငယ်များနှင့်အတူ ဘုရားဖူး ၉ သောင်းခန့် စိန့်ပီတာ ရင်ပြင်တွင် ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံခဲ့ကြသည်။



အိုင်ယာလန်နိုင်ငံ ဒဗ်ဘလင်မြို့တွင်ကျင်းပသော ကမ္ဘာ့မိသားစုများတွေ့ဆုံပွဲသို့ ရန်ကုန် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို ပါဝင်တက်ရောက်ခဲ့သည်



ဩဂုတ်လ ၂၄ ရက်နေ့တွင် ပုသိမ်ဆရာတော်ကြီး ဂျွန်မန်းဆိန်းဟို၏ ဆရာတော်သက်တမ်း ၁၅ ဝါ ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဘုန်းတော်ကြီးများ၊ ဘာသာဝင်များနှင့်အတူ ပုသိမ်မြို့ စိန့်ပီတာ ကာသီဒြယ်တွင် ကျင်းပခဲ့သည်။



၂၀၁၈ ခု ဩဂုတ်လ ၂၀ -၃၀ ရက်များတွင် သာသနာဆက်သွယ်ရေးရုံး အသီးသီးမှ လူငယ်များ ရန်ကုန်မြို့၌ ပြုလုပ်သော ဗီဒီယို တည်းဖြတ် သင်တန်း တက်ရောက်ခဲ့ကြသည်။